mgyoe.com

မဲထီးဆရာတော်

ထေရဝါဒသာသနာဆက်အလင်းပြ

# ဝံသဒီပနီ

သာသနာတိုးတက်ပုံ၊
ဆုတ်ယုတ်ပုံ၊
ချီးမြှင့်ပုံ၊
သုတ်သင်ပုံ၊
ညီညွတ်ပုံ၊
ဂိုဏ်းကွဲပုံနှင့်
ဆရာစဉ်ဆက်ပါရှိသည်။

မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com




TAYA0029
2,800.00 KS
mgyoe.com

mgyoe.com

ဝံသဒီပနီ၊ မဲထီးဆရာတော်
စာမျက်နှာ ၂၇၀ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ နိဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ (၁၉၁၆ မင်္ဂလာဧေယျပုံနှိပ်တိုက် ပထမအကြိမ်)
၁၉၆၇ ဟံသာဝတီပုံနှိပ်တိုက်၏ ဒုတိယအကြိမ်မှုနှင့် ၂၀၁၅ စိတ်ကူးချိုချို၏မှုများ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

ထေရဝါဒသာသနာဆက်အလင်းပြ

# ဝံသဒီပနီ

ပရမသီရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု

## မဲထီးဆရာတော်

သာသနာတိုးတက်ပုံ၊ ဆုတ်ယုတ်ပုံ၊ ချီးမြှင့်ပုံ၊

သုတ်သင်ပုံ၊ ညီညွတ်ပုံ၊ ဂိုဏ်းကွဲပုံနှင့်

ဆရာစဉ်ဆက်ပါရှိသည်။

ဖြန့်လည့်ရိုက်နှိပ်ခြင်း၊ ၂၀၂၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | နိဒါန်း | က |
| - | ကျေးဇူးတင်ခြင်း | ဇ |
| ၁။ | ပဏာမ၊ ပဋိညာဉ်၊ ဥယျောဇဉ် | ၁ |
| ၂။ | ဘုရားလောင်း ဖွားမြင်တော်မူခြင်း | ၄ |
| ၃။ | ဘုရားဖြစ်တော်မူခြင်း | ၅ |
| ၄။ | သိက္ခာပုဒ်ပညတ်တော်မူခြင်း | ၆ |
| ၅။ | ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူခြင်း | ၇ |
| ၆။ | ရှင်မဟာကဿပ မရောက်သေး၍ တေဇောဓာတ်မထခြင်း | ၈ |
| ၇။ | ဘုရားမရှိ၍ ပညတ်ချက်မှ လွတ်ပြီဟု သုဘဒ်ရဟန်းကြီး ဝမ်းသာစကားဆိုခြင်း | ၉ |
| ၈။ | သုဘဒ်ရဟန်းကြီး ရန်ငြိုးထားခဲ့ခြင်း | ၁၀ |


mgyoe.com

mgyoe.com


၉။ သုဘဒ်ရဟန်းကို အကြောင်းပြု၍
သင်္ဂါယနာတင်ရန် စီစဉ်ရခြင်း ၁၃

၁၀။ ရှင်မဟာကဿပနှင့် အဇာတသတ်မင်း
သင်္ဂါယနာတင်၍ သာသနာပြုပုံ ၁၅

၁၁။ ပထမသင်္ဂါယနာတင်ခြင်းအကြောင်း ၁၇

၁၂။ ရှင်ဥပါလိတပည့် ရှင်ဒါသကမထေရ်နှင့်
အဇာတသတ်မင်းဆက် ၁၉

၁၃။ အရှင်အာနန္ဒာ၏ တပည့်ယသထေရ်နှင့်
ဝဇ္ဇီရဟန်းတို့ အရေးအခင်း ၂၀

၁၄။ ရှင်ယသနှင့် ကာဠာသောကမင်းတို့ ဒုတိယ
သင်္ဂါယနာတင်၍ သာသနာပြုပုံ ၂၃

၁၅။ အဓမ္မဝါဒီဝဇ္ဇီရဟန်းများ ဂိုဏ်းကွဲပုံနှင့်
သင်္ဂါယနာအတုတင်ပုံ ၂၆

၁၆။ ရှင်မောဂ္ဂလိပုတ္တတိဿရဟန်းဖြစ်ရေးအတွက်
ရဟန္တာနှစ်ပါး တာဝန်ယူဆောင်ရွက်ပုံ ၂၉

၁၇။ ဓမ္မာသောကမင်း တိတ္ထိတို့အမူအကျင့်ကို
စုံစမ်းပုံ ၃၂

၁၈။ နိဂြောဓသာမဏေကို အမှီပြု၍ ဓမ္မာသောကမင်း
ကြီး သာသနာတော်ကို သက်ဝင်ယုံကြည်ပုံ ၃၄

၁၉။ ဓမ္မာသောကမင်းကြီး ပစ္စယဒါယကာပြုပုံ ၃၅

၂၀။ ဓမ္မာသောကမင်းကြီး သာသနာ့အမွေခံယူပုံ ၃၆

၂၁။ ဓမ္မာသောကမင်းကြီး နေ့စဉ်လှူဒါန်းပုံ ၃၉

၂၂။ တိတ္ထိတို့ကြောင့် သာသနာ့အရေးအခင်းပေါ်ပုံ ၄၀


mgyoe.com

mgyoe.com

၂၃။ ဓမ္မာသောကမင်း သာသနာကို စင်ကြယ်စေပုံ ၄၃
၂၄။ မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် ဓမ္မာသောက
မင်းတို့ တတိယသင်္ဂါယနာတင်၍ သာသနာပြုပုံ ၄၄
၂၅။ ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ပုံ ၄၇
၂၆။ ကသ္မီရဂန္ဓာရတိုင်း၌ သာသနာပြုပုံ ၄၈
၂၇။ မဟိံသကတိုင်း၌ သာသနာပြုပုံ ၄၉
၂၈။ ဝနဝါသီတိုင်း၌ သာသနာပြုပုံ ၄၉
၂၉။ အပရန္တတိုင်း၌ သာသနာပြုပုံ ၅၀
၃၀။ မဟာရဋ္ဌတိုင်း၌ သာသနာပြုပုံ ၅၀
၃၁။ ယောနကရဋ္ဌတိုင်း၌ သာသနာပြုပုံ ၅၁
၃၂။ ဟိမဝန္တာအရပ်၌ သာသနာပြုပုံ ၅၁
၃၃။ သုဝဏ္ဏဘူမိ၌ သာသနာပြုပုံ ၅၁
၃၄။ မြတ်စွာဘုရားသီဟိုဠ်သို့ကြွ၍ ခြေတော်ရာချခဲ့ပုံ ၅၂
၃၅။ သာသနာတော်မရောက်မီ သီဟိုဠ်မင်းဆက် ၅၄
၃၆။ ရှင်မဟာမဟိန္ဒမထေရ်သီဟိုဠ်သို့ ကြွပုံ ၅၅
၃၇။ အရှင်မဟာမဟိန္ဒ၏ တရားကိုနာရ၍
မင်းနှင့်တကွ သရဏဂုံတည်ပုံ ၅၇
၃၈။ အနုဠာဒေဝီနှင့်တကွ တရားထူးရကြပုံ ၅၈
၃၉။ ဓာတ်တော်များရောက်၍ စေတီတည်ပုံ ၆၁
၄၀။ အနုဠာဒေဝီစသူတို့ ရဟန်းပြုကြပုံ ၆၂
၄၁။ သီဟိုဠ်တွင် သာသနာစတင်သက်ရောက်ပုံ ၆၃
၄၂။ ဝိနည်းကို ထွန်းပစေကြသော မထေရ်များ ၆၆
၄၃။ ဒေဝါနံပိယတိဿမင်းဆက်နှင့် ကျေးမင်း ၆၈

mgyoe.com

mgyoe.com

၄၄။ ဒုဋ္ဌဂါမဏိမင်းရဟန်းတော်များကို
စည်းဝေးစေခြင်း ၆၉
၄၅။ ကောင်းကင်ခရီးဖြင့် ကြွလာကြသော ရဟန္တာများ ၇၀
၄၆။ ဒုဋ္ဌဂါမဏိမင်း စေတီတော်တည်ခြင်း ၇၂
၄၇။ ဒုဋ္ဌဂါမဏိမင်းဆက်နှင့် ကျေးမင်းများ ၇၄
၄၈။ ဝဋ္ဋဂါမဏိမင်း စတုတ္ထသင်္ဂါယနာတင်ခြင်း ၇၆
၄၉။ ဝဋ္ဋဂါမဏိမင်း လက်ထက် ဂိုဏ်းကွဲခြင်း ၇၈
၅၀။ စောရနာဂမင်းလက်ထက် သီဟိုဠ်၌
ကပ်ဆိုက်ခြင်း ၇၉
၅၁။ အနုဋ္ဌာဒေဝီတင်မြှောက်သော မင်းများ ၈၀
၅၂။ ဗုဒ္ဓသာသနာ ပြန်လည်ထွန်းပခြင်း ၈၁
၅၃။ အသက်ရှည်ကြောင်း တရားကို ဟောခြင်း ၈၄
၅၄။ သာသနာ့အညစ်အကြေးပေါ်၍ သုတ်သင်ခြင်း ၈၆
၅၅။ မိုးရွာအောင် သစ္စာပြုသော မင်း ၈၇
၅၆။ ပါပဘိက္ခုများပေါ်၍ သုတ်သင်ခြင်း ၈၈
၅၇။ သာသနာဖျက် ဇေတဝနဝါသီ ဂိုဏ်းပေါ်လာခြင်း ၈၉
၅၈။ ပါပရဟန်းတို့ကို စစ်၍ သုတ်သင်ခြင်း ၉၀
၅၉။ သီဟိုဠ်သို့စွယ်တော်များ ရောက်လာခြင်း ၉၂
၆၀။ ရှင်မဟာဗုဒ္ဓဃောသ ပိဋကတ်တော်နှင့်
သထုံရောက်လာခြင်း ၉၃
၆၁။ ဗာဟုမင်း ၄ ဆက် သာသနာ့အညစ်အကြေး
သုတ်သင်ခြင်း ၉၃
၆၂။ ဂဝံပတိမထေရ်နှင့် သထုံသာသနာ ၉၇

mgyoe.com

mgyoe.com


၆၃။ သောဏထေရ်၊ ဥတ္တရထေရ်နှင့် သထုံသာသနာ ၉၈

၆၄။ ရှင်အရဟံထေရ်နှင့် ပုဂံသာသနာ ၁၀၁

၆၅။ မဟာပုဏ်ထေရ်နှင့် သုနာပရန္တသာသနာ ၁၀၃

၆၆။ ခြေတော်ရာ ၂ ဆူ ချတော်မူခြင်း ၁၀၆

၆၇။ သီရိခေတ္တရာသာသနာ ၁၀၈

၆၈။ အရည်းကြီးများနှင့် ပုဂံပြည် ၁၁၁

၆၉။ ရှင်အရဟံနှင့် ပုဂံသာသနာ ၁၁၂

၇၀။ သထုံမှ ပုဂံသို့ ပိဋကတ်တော် ပင့်ဆောင်ခြင်း ၁၁၅

၇၁။ ရှင်အရဟံ ပရိနိဗ္ဗာန်ပြုခြင်း ၁၁၇

၇၂။ ပံ့သကူမထေရ်နှင့် ပုဂံသာသနာ ၁၁၈

၇၃။ ဥတ္တရာဇီဝမထေရ် ၁၁၉

၇၄။ ဂိုဏ်းသီးထောင်သော ဆပဒထေရ် ၁၂၂

၇၅။ မထေရ်သုံးပါး ဂိုဏ်းကွဲပြန်ခြင်း ၁၂၅

၇၆။ ဒလ-ဓမ္မဝိလာသမထေရ် ၁၂၉

၇၇။ မူလဂိုဏ်းကြီး ၂ ဂိုဏ်း ၁၃၀

၇၈။ နောက်ထပ်ဂိုဏ်းကြီး ၆ ဂိုဏ်း ၁၃၁

၇၉။ ဘုရားသခင် စစ်ကိုင်းတွင် ဗျာဒိတ်ကြားခြင်း ၁၃၃

၈၀။ ရှင်ဒိဗ္ဗစက် ဂဏပါမောက္ခဖြစ်ခြင်း ၁၃၅

၈၁။ ရှင်ဒိဗ္ဗစက် ကောင်းကင်ပျံကြွခြင်း ၁၃၆

၈၂။ ရှင်ဒိဗ္ဗစက်အား သောတာပန်နတ်ကြီး
လျှောက်ကြားခြင်း ၁၃၈

၈၃။ ရှင်သီဝလိဓာတ်တော်ကို ရှင်ဒိဗ္ဗစက်ယူဆောင်ခြင်း၁၄၀

၈၄။ သီဟိုဠ်မှ ဓာတ်တော် ၅ ဆူ ရောက်လာခြင်း ၁၄၁


mgyoe.com

mgyoe.com


၈၅။ ရှင်သီလဝံသ၊ ရှင်မဟာရဋ္ဌသာရ ၁၄၃

၈၆။ သာသနာကို ရှမ်းစလုံ ဖျက်ဆီးခြင်း ၁၄၄

၈၇။ ရာမညသံဃာ အဆက်အနွယ် ၁၄၅

၈၈။ ဘုရားပုထိုးရုပ်တု မကိုးကွယ်ရခြင်း ၁၄၇

၈၉။ ကောင်းကင်မှ ဆင်းတုတော်များ
ကြွလာတော်မူခြင်း ၁၄၈

၉၀။ ရာမညတိုင်း၌ သာသနာညှိုးနွမ်းချိန် ၁၅၀

၉၁။ ဓမ္မစေတီမင်း သာသနာစင်ကြယ်ရန် ကြံခြင်း ၁၅၂

၉၂။ သီဟိုဠ်သို့ သိက္ခာသစ်တင်ရန် စေလွှတ်ခြင်း ၁၅၇

၉၃။ ကလျာဏီမြစ်တွင် ပဥ္စင်းခံကြခြင်း ၁၅၉

၉၄။ သီဟိုဠ်မင်းက ဘွဲ့တံဆိပ်ဆက်ကပ်ခြင်း ၁၆၁

၉၅။ သီဟိုဠ်သွားရဟန်းတော်များ ပြန်ရောက်ခြင်း ၁၆၂

၉၆။ ကလျာဏီသိမ်သမုတ်ခြင်း ၁၆၄

၉၇။ ကလျာဏီသိမ်၌ ပဥ္စင်းခံကြခြင်း ၁၆၇

၉၈။ ရာမာဓိပတိမင်း ဓမ္မဝိနယပြန်တမ်း ၁၇၀

၉၉။ တောင်ငူသံဃရာဇာသာသနာပိုင် ၁၇၅

၁၀၀။ မင်းတရားရွှေထီးနှင့် ရင်စည်းရဟန်းများ ၁၇၅

၁၀၁။ ဆင်ဖြူရှင်မင်း ရှမ်းပြည်၌ သာသနာပြုခြင်း ၁၇၇

၁၀၂။ ဒွန်းစဏ္ဍားရဟန်းများ ၁၇၈

၁၀၃။ အလင်္ဂီအဓမ္မဝါဒီဂိုဏ်း အားကောင်းခြင်း ၁၇၉

၁၀၄။ မဟာဥပရာဇ်မင်း သာသနာသုတ်သင်ခြင်း ၁၈၀

၁၀၅။ ကုလားငစင်ကာ သာသနာဖျက်ဆီးခြင်း ၁၈၁

၁၀၆။ ဦးထုပ်ဆောင်းနှင့် ခေါင်းတင် ရဟန်းများ ၁၈၂


mgyoe.com

mgyoe.com


၁၀၇။ သာလွန်မင်းလက်ထက် အဝတ်အရုံ
ဖောက်ပြန်ခြင်း ၁၈၄
၁၀၈။ ဆဗ္ဗဂီရဟန်းများ ဝတ်ရုံပုံ ၁၈၅
၁၀၉။ ဒုတိယဆပဒအနွယ် ရှင်သီလဝံသ ၁၈၆
၁၁၀။ ဝတ်ရုံမှုအတွက် တရားဓမ္မစိစစ်ခြင်း ၁၈၈
၁၁၁။ တုံဂိုဏ်း ရုံဂိုဏ်း ဦးထုပ်ဆောင်းဂိုဏ်း ၂၀၅
၁၁၂။ ဂိုဏ်းဆရာများ ဆိုင်ပြိုင်ပြောဆိုခြင်း ၂၀၇
၁၁၃။ အတင်အရုံ ရှင်းလင်းပြောဆိုပြန်ခြင်း ၂၁၀
၁၁၄။ သက်န်းရုံ ရွာဝင်ရန် ထုတ်ပြန်ခြင်း ၂၁၈
၁၁၅။ ဆင်ဖြူများရှင် သာသနာရေးအကြံအစည် ၂၁၉
၁၁၆။ ဆင်ဖြူများရှင် သာသနာသုတ်သင်ခြင်း ၂၂၃
၁၁၇။ အတင်အရုံ ရှင်းလင်းပြောဆိုပြန်ခြင်း ၂၂၄
၁၁၈။ အတုလယသကို လူဝတ်လဲစေ၍ နှင်ထုတ်ခြင်း ၂၂၇
၁၁၉။ မြို့ရွာအသီးသီးသို့ သာသနာပြု စေလွှတ်ခြင်း ၂၂၈
၁၂၀။ ဥဘတောဝိဘင်း ဆောင်စေခြင်း ၂၂၉
၁၂၁။ ကေတုမတီသို့ သာသနာပြုစေလွှတ်ခြင်း ၂၃၀
၁၂၂။ ပရမသီရိဝံသာဘိဓဇထေရ် အကြံအစည် ၂၃၄
၁၂၃။ တောင်ငူတွင် သာသနာသုတ်သင်ခြင်း ၂၄၅
၁၂၄။ အက္ခရာစဉ် အညွှန်း ၂၅၆


□

mgyoe.com

mgyoe.com

"ပရမသီရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု"
မဲထီးဆရာတော်
ထေရဝါဒ သာသနာဆက် အလင်းပြ

# ဝံသဒီပနီ

[သာသနာတိုးတက်ပုံ၊ ဆုတ်ယုတ်ပုံ၊ ချီးမြှင့်ပုံ၊ သုတ်သင်ပုံ၊ ညီညွတ်ပုံ၊ ဂိုဏ်းကွဲပုံနှင့် ဆရာစဉ်ဆက် ပါရှိသည်။]

VAMSA DIPANI
by
Mede Sayadaw

mgyoe.com

mgyoe.com

# နိဒါန်း

အမရပူရပထမမြို့တည် နန်းတည် အောင်မြေလောကဘုရား ဒါယကာ ဆင်ဖြူများရှင် (ဘိုးတော်) မင်းတရားကြီးသည် "ပရမ သီရိဝံသာဘိဓဇမဟာဓမ္မရာဇဂုရု' မဲထီးဆရာတော်အား တောင်ငူ မြို့သို့ သာသနာပြုကြွရောက်ချီးမြှောက်ရန် လျှောက်ထား တောင်းပန်သောကြောင့် ဆရာတော်ကြီးသည် နောက်ပါသံဃာ တော် ၃၀ ကျော်ဖြင့် တောင်ငူသို့ ကြွတော်မူ၍ သာသနာပြုတော် မူသည်။

ထိုစဉ်အခါက တောင်ငူမြို့တွင် ရဟန်းတော်များမှာ ရင် စည်းဖွဲ့၊ ဦးထုပ်ဆောင်း၊ ဒုကုဋ်တင်ရှာဝင်ခြင်းဖြင့် အဝတ်အရုံ ဖောက်ပြန်နေခြင်း၊ အရောင်းအဝယ်ပြု၊ ဆေးကု၊ ဗေဒင်ဟောခြင်း ဖြင့် ကျင့်ဝတ်ဖောက်ပြန်နေခြင်း၊ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဥယျာဉ်ပန်းမန်စိုက်ပျိုးခြင်းပြု၍ အသက်မွေးခြင်းဖြင့် အသက် မွေးမှုဖောက်ပြန်နေခြင်း၊ ဂန္ထဓူရဝိပဿနာဓူရကို အားမထုတ်ဘဲ

mgyoe.com

mgyoe.com



ပေါ့လျော့စွာ နေထိုင်ကြသောကြောင့် သာသနာတော်မှေးမှိန်နေရှိ သာမက သာသနာ့အညစ်အကြေး ဘေးရန်ဆူးငြောင့်များ ပေါ်ပေါက်လျက်ရှိနေလေသည်။

သာသနာပြုမဲထိီးဆရာတော်ဘုရားကြီးသည် အဆိုပါ သာသနာ့ အညစ်အကြေးဘေးရန် ဆူးငြောင့်တို့ကို ဘိုးတော်မင်းတရားကြီး အာဏာစက်အကူအညီ၊ ဘိုးတော်မင်းတရားကြီး သားတော် တောင်ငူဘုရင်၏ အကူအညီဖြင့် မဟာဒါန်ဝန်တို့ကို လိုအပ်ရာရာစေခိုင်း၍ သာသနာ့အညစ်အကြေးများကို ၆ နှစ်တိုင်တိုင် သုတ်သင်ရှင်းလင်းရာ အထူးအောင်မြင်တော်မူသောကြောင့် ဘိုးတော်လက်ထက် သာသနာ့အညစ်အကြေး သုတ်သင်ပုံအကြောင်းစုံနှင့်တကွ မဇ္ဈိမဒေသ၊ သီဟိုဠ်၊ သထုံ၊ ဟံသာဝတီ၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရခေတ်အထိ ကောင်းဆိုးနှစ်ဝ သာသနာ့အရေးအခင်းဟူသမျှ ပြည့်ပြည့်စုံစုံ ပြလိုသဖြင့် ဤ 'ဝံသဒီပနီ' မည်သောကျမ်းကို ရေးသားစီရင်တော်မူခြင်းဖြစ်သည်။

ဝံသဒီပနီ ဟူသော ကျမ်းအမည်ဖြင့် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်ဥပါလိအစရှိသော သင်္ဂါယနာတင်မထေရ်မြတ်တို့၏ အဆက်အနွယ် ထေရဝါဒ သာသနာဆက်ကို ထင်စွာညွှန်ပြသော ကျမ်းဟု ပဓာနအားဖြင့် ဆိုရမည်ဖြစ်သော်လည်း မည်သည့် မည်သည့်မင်းများ မည်သို့ မည်ပုံ သာသနာကို ချီးမြှင့်သည်၊ မည်သို့မည်ပုံ သာသနာ့အညစ်အကြေး ဘေးရန်ဆူးငြောင့်ကို သုတ်သင်ရှင်းလင်းသည်။ မည်သည့်အတွက် သာသနာတော် စည်ပင်ပြန့်ပွားသည်။ မည်သည့်အတွက် သာသနာတော် ဆုတ်

mgyoe.com

·mgyoe.com



ယုတ်ပျက်ပြားသည် စသည်ဖြင့် သာသနာတော်အတွင်း ဖြစ်ဖြစ်သမျှ ကောင်းဆိုးနှစ်ဝ အရေးအခင်းဟူသမျှကိုလည်း ပြဆိုထားပေသည်။

*

## ကျမ်းပြုဆရာတော်

ဤကျမ်းကို ပြုစုတော်မူသော ဆရာတော်၏ အတ္ထုပ္ပတ္တိကို အနည်းအကျဉ်း ဖော်ပြပါဦးမည်။ မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယျသူ ပြုစုသော ပိဋကတ်တော်သမိုင်းစာမျက်နှာ ၂၆၆၊ အမှတ်စဉ် ၂၀၄၀ တွင် "ဝံသဒီပနီမှာ ဒုတိယကြေးနီကျောင်းနေကျော်အောင်စံထားဆရာတော် စီရင်သည်"ဟု ဖော်ပြထားသည်။

ယခု ဝံသဒီပနီကျမ်း နိဂုံးတွင်မူ "မဲထီးပုဂ္ဂိုလ် 'ပရမသီရိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု'အမည်တော်ရှိသော မထေရ်သည် အောင်မြေလောကဘုရား ဒါယကာ (ဘိုးတော်) ဆင်ဖြူရှင်မင်းတရားလက်ထက် ထိုမင်းတရား၏ သားတော် သတိုးဓမ္မရာဇာဘုရင်ခံအဖြစ် အုပ်စိုးသော တောင်ငူ ကေတုမတီမြို့တွင် စီရင်အပ်သော ဝံသဒီပနီကျမ်းသည် ဤတွင် ပြီးဆုံးသည်" ဟု အခိုင်အမာဆိုထားသည်။ သို့ဖြစ်၍ ဤဝံသဒီပနီကျမ်းကို မဲထီးဆရာတော် ပရမသီရိဝံသာဘိဓဇမထေရ် စီရင်ပြုစုသည်မှာ လင်းပါးစရာ မလိုချေ။

ဒုတိယကြေးနီကျောင်းနေ ကျော်အောင်စံထားဆရာတော်ပြုစုသော ဝံသဒီပနီကျမ်းတစ်စောင် သီးခြား ရှိ မရှိကိုသာ သုတေ

mgyoe.com

mgyoe.com



သနပြုကြရန် လိုပေသည်။

ယခု ဝံသဒီပနီကျမ်းပြုဆရာတော်မှာ ပထမ မဲထီးဆရာတော် ဟု ကျော်ကြားသည်။ ၁၁၀၄ ခုနှစ်တွင် တောင်ငူမြို့ မဲထီးရွာတွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် သာသနာ့ဘောင်သို့ ဝင်သည်။ ဘွဲ့မှာ ရှင်ပရမဖြစ်၍ မဲထီးရွာ ရှင်မဏိမာလာပုဂ္ဂိုလ် (မိုင်းလုံး ရှင်ပဝရမဥ္စူပုဂ္ဂိုလ်) ၏ သဒ္ဒိဝိဟာရိကတပည့်ဖြစ်သည်။ (စာမျက်နှာ ၁၄၂–၁၆၁) ရှင်ပရမသည် ပိဋကတ်စာပေကျမ်းဂန် ကျနသည်။ မည်သည့်မင်းလက်ထက် နေပြည်တော်သို့ကြွသည်ဟု မသိရ။ သို့သော် စဥ့်ကူးမင်းလက်ထက် အတင်၊ အရုံ၊ ရှင်းလင်းပြောဆိုကြရာတွင် ထေရဝါဒဂိုဏ်းအနွယ်အဆက်မှပါဝင်သော ပုဂ္ဂိုလ် ၇ ပါးအနက် မဲထီးရှင်ပရမလည်း တစ်ပါး ပါဝင်သည်။ (စာ– ၁၄၇)

အမရပူရမြို့တည် ဘိုးတော်ဘုရားလက်ထက် ရွှေမြို့တော်အရှေ့တောင်ယွန်း၌ လက်ဝဲဝင်းတော်မှူးက ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကို ဘုရင်မင်းမြတ်က မဲထီးဆရာတော်အားတင်လှူတော်မူသည်။ 'ပရမသီရိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု' တံဆိပ်နာမည်လည်း ဆက်ကပ်တော်မူသည်။ (သာသနာလင်္ကာရစာတမ်း စာမျက်နှာ– ၁၉၈) ထိုကျောင်းတိုက်မှာ မဲထီးဆရာတော်ကို အစွဲပြု၍ မဲထီးတိုက်ဟု တွင်သည်။ ဤဆရာတော်ကြီးမှာ မြဝတီမင်းကြီး ဦးစ၏ ဆရာရင်း ဖြစ်သည်။

၁၁၄၈ ခုနှစ်တွင် ဘိုးတော်ဘုရားက သာသနာပိုင် ၄ ပါးဖြစ်သော (၁) မင်းအိုဆရာတော်၊ (၂) မန်လည်ဆရာတော်၊ (၃) ဆုံထားဆရာတော်၊ (၄) မင်းရွာဆရာတော် ၄ ပါးမှာ ဆရာတော်

mgyoe.com

mgyoe.com



ငယ် ရှစ်ပါးဖက်၍ သာသနာပြု ၁၂ ပါး ခန့်ထားရာတွင်လည်း မဲထိုးဆရာတော် ပါသည်။ ၁၁၅၀ ပြည့်နှစ်သို့ ရောက်သည့်အခါ မောင်းထောင်ဆရာတော်ကို သီးခြားတစ်ပါးတည်း သာသနာပိုင် ခန့်သည်။ (သာသနာလင်္ကာရ စာမျက်နှာ ၁၉၆–၁၉၈)၊ နောက် မင်းတရားကြီးသည် တိုင်းအသီးသီးသို့ သာသနာပြုစေလွှတ်တော်မူရာ မြို့ရဲ ၁၂၊ ကျေးသီး ၃၃၊ အခြံအရံရှိသော တိုင်းသီးခြားဖြစ်သော ဇေယျာဝဓ္ဓနတိုင်း ကေတုမတီမြို့သို့ သာသနာပြုစေလွှတ်ရန် မဲထိုးဆရာတော် ရှင်ပရမဝံသာဘိဓဇပုဂ္ဂိုလ်နှင့်သာ သင့်တော်သည်ဟု မောင်းထောင်သာသနာပိုင်က စာသွင်းချက်အရ ကေတုမတီ တောင်ငူမြို့သို့ နောက်ပါ ပဥ္စင်းသာမဏေပေါင်း သုံးကျိပ်ခုနစ်ပါးနှင့် သာသနာပြုကြွသည်။

ထိုအခါက ဆရာတော်မှာ သက်တော် ၅၁၊ ဝါတော် ၃၁ ရှိပြီဖြစ်သည်။ ၁၁၅၃ ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့တွင် နေပြည်တော်မှ ထွက်ခွာရာ တန်ခူးလဆန်း ၃ ရက်နေ့ ကေတုမတီသို့ ရောက်သည်။ တန်ခူးလဆန်း ၁၅ ရက်နေ့တွင် မင်းတရားကြီး၏ သားတော် တောင်ငူဘုရင်ခံ သတိုးဓမ္မရာဇာက ကျိုးသဲသဲ အမည်တွင်သော ကုန်းထိပ်တွင် ကျောင်းရံ ၆ ကျောင်းနှင့်တကွ ဇေတဝန်ကျောင်းတော်ကို ပွဲလမ်းသဘင် ကြီးစွာခံ၍ ရဟန်းတို့ အသုံးအဆောင်များစွာ ပဒေသာပင်နှင့် ဆရာတော်အား အပ်လှူတင်တော်မူသည်။ ကေတုမတီမြို့တွင် သာသနာပြုတော်မူလျက် ၁၁၅၉ ခုနှစ်တွင် ပျံလွန်တော်မူသည်။

*

mgyoe.com

mgyoe.com



## ပုံနှိပ်ခြင်းအကြောင်း

ဤဝံသဒီပနီကျမ်းကို ၁၉၁၆ ခုနှစ်တွင် မင်္ဂလာဓေယျ စာပုံနှိပ်တိုက်က ကူးယူသော ပေမူမှာ အကျအပေါက် အမှားအယွင်းများနေသဖြင့် "ဤဝံသဒီပနီကျမ်းရိုက်နှိပ်ဖို့ရာ ကျွန်ုပ်တို့တိုက်သို့ လာရောက်ပေးအပ်သော ပေမူစာသည် ဟောင်းနွမ်း၍ လက်ရေးလက်သား မသန့်ရှင်း ထွေးရှုပ်လှသဖြင့် မူကွဲမူပြား ကိုးစားဖို့ရာ လိုက်လံရှာဖွေရာ တစ်မူမျှ မရမရှိသော်လည်း စာအုပ် အောင်မြင်ပြီး စီးလိုခြင်းများကို ထောက်ထား၍ ပေးအပ်သည့်မူမျှနှင့်ပင် ကူးယူ တည်းတိုက် ရိုက်နှိပ်ခြင်း ပြုရပါကြောင်း"ဟူသော အမှာအထား ထည့်သွင်းထားသည်ကို တွေ့ရပေသည်။ (မဟာပညာဗလ) ပထမကျော်ဆရာကြီး ဦးကြီးဖေသည် ကျွန်ုပ်တို့ ဟံသာဝတီတိုက်သို့ ၁၉၁၆ ခုနှစ် မင်္ဂလာဓေယျပုံနှိပ်တိုက်မှ ရိုက်နှိပ်ထားသော ဟောင်းနွမ်းဆွေးမြည့်နေသည့် စာအုပ်ကလေး ကိုပင် ရိုက်နှိပ်ရန် ပေးပို့သဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံရယူလျက် တည်းတိုက်ရန်အတွက် အခြားမူကောင်းမူသန့်များကို လိုက်လံရှာဖွေသော်လည်း မရရှိသောကြောင့် ရှေးဟောင်းစာပေတစ်ခု ပျောက်ပျက်မသွားရန် ထိန်းသိမ်းထားသောအနေဖြင့် ရိုက်နှိပ်လိုက်ရခြင်းဖြစ်ပါသည်။

ယင်းသို့ ရိုက်နှိပ်ရာ၌ ကျပေါက် ပျက်စီးနေသော ဂဏန်း၊ ရှေ့နောက်လွဲမှားနေသော ဂဏန်းများကို ဦးကုလား မဟာရာဇဝင်ကြီးနှင့် တိုက်ဆိုင်ကာ ပြင်ဆင်ထားပါသည်။ မဟာရာဇဝင်ကြီး သက္ကရာဇ်ဂဏန်းယူဆပုံနှင့် ဤကျမ်းဆရာသက္ကရာဇ် ဂဏန်းယူဆပုံ တူညီနေသည်ကို တွေ့ရပါသည်။ ဉပမာ– နော်ရထာမင်း

mgyoe.com

mgyoe.com



စော နန်းတက်သက္ကရာဇ်ကို မှန်နန်းနှင့် တွင်းသင်းတို့က ၃၉၇ ခု ဟု ပြသည်။ ရာဇဝင်ဟောင်းနှင့် ဇာတာတော်ပုံတို့က ၄၀၆ ခု ဟု ပြသည်။ ဦးကုလားမဟာရာဇဝင်ကြီးက ၃၆၄ ခုဟု ပြသည်။ ဤဝံသဒီပနီက မဟာရာဇဝင်ကြီးအတိုင်း ၃၆၄ ခု ဟုပင် ပြသည်။ သို့ဖြစ်၍ သက္ကရာဇ်ဂဏန်းများကို မဟာရာဇဝင်ကြီးနှင့် တိုက်ဆိုင်ကာ ဆရာဦးခင်စိုး (သာသနဓဇသီရိပဝရဓမ္မာစရိယ) နှင့် ဆရာ ဦးသိန်းဟန် (၁)၊ ဦးတင်နွယ်၊ ဦးဟန်ထွန်း၊ ဦးပု၊ ဦးရွှေဖူး၊ ဦးသိန်းဟန် (၂) ဟံသာဝတီပါဠိဆရာများအဖွဲ့က ကောင်းစွာ တည်းဖြတ်ကြပ်မတ်သုတ်သင် ပြင်ဆင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပဌာမ၊ ပဋိညာဉ်၊ ဥယျောဇဉ်

၁။ နိဗ္ဗာနပုရပဝိသာနံ၊ ဓမ္မရာဇံ နမာမဟံ။
ဇိနာန မနုဝံသာနိ၊ ပဒီပံ လောကနာယကံ၊
[ပထျာဝတ္တဂါထာ။]

၂။ ဓမ္မံ နိသေဝိတန္တေန၊ ယထာနုသိဋ္ဌစာရိတံ။
သတ္တာန မပတာဓာရေန္တံ၊ နမေ အပါယ မုတ္တရံ။
[ငှင်းဂါထာ။]

၃။ မုနိန္ဒောရသပုတ္တတ္တံ၊ ဂတံ သုတံ နရဂ်ဏံ။
အနုတ္တရံ ဝရံ လောကေ၊ ပုညက္ခေတ္တံ ဂဏံ နမေ။
[ငှင်း ဂါထာ။]

၄။ ဥဘယဟိတတ္ထသြဝါဒံ၊ သေလဆတ္တံဝ ဝါစကံ။
ဂရုံ ဘာသံ တိသက္ကစ္စံ၊ နတွာ သိရေန မေ ဂုရုံ။
[ငှင်းဂါထာ။]

mgyoe.com

mgyoe.com


၅။ ရစယိသံ ကထာမဂ္ဂံ၊ မတိဝနုနကာရဏံ။
လောကဓမ္မပကိဏ္ဏကံ၊ နာမေန ဝံသဒီပကံ။
သဒ္ဒါစာရေနျှ တံ ဓိရာ၊ သန္တိကာ မေ သုတောသိနော။
[တဂါထာခွဲ– ၎င်းဂါထာ။]

၁။ အဟံ ငါသည်။ နိဗ္ဗာနပုရပဝိသာနံ၊ မည်းညစ်တဏှာ ကိလေသာတို့၏ လွတ်ရာအမှန် မြတ်နိဗ္ဗာန်သို့ ဝင်တော်မူကုန်သော။ ဇိနာနံ၊ ငါးပါးမာရ်အောင် ထွတ်ဘုန်းခေါင်တို့၏။ အနုဝံသာနိ၊ ပြိုးပြွမ်းရောယှက် ဆွေတော်ဆက်တို့ကို။ ပဒီပံ၊ ပြက်ပြက်ထင်ပေါ် ပြတော်မူတတ်ထသော ဓမ္မရာဇံ၊ တရားကြောင့် မင်းဖြစ်တော်မူထသော။ လောကနာယကံ၊ လူသုံးဦးတို့၏ အမှူးကို။ နာမာမိ၊ သုံးဖြာဒွါရ ပဏာမဖြင့် ညွတ်ခရိုကျိုးရှိခိုးပါ၏။

၂။ အဟံ။ ငါသည်။ တေန ဓမ္မရာဇေန၊ ထိုမြတ်စွာဘုရားသည် နိသေဝိတံ၊ ဂေါစရာသေဝန၊ ဘာဝနာ သေဝန အားဖြင့် မပြတ်မှီဝဲ အပ်ထသော။ ယထာနုသိဋ္ဌစာရိတံ၊ ဆုံးမတော်မူတိုင်း မရိုင်းအသင့် အမှန်ကျင့်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အပါယံ၊ အပါယ်လေးပါးသို့။ အပတစာရေနျှ၊ မကျစေအောင် ပို့ဆောင်ယူငင် ကယ်တင်ပေတတ်ထသော။ ဥတ္တရုံ၊ သံသရာစက်မှ လွတ်ထွက်ကူးမြောက်ရောက်ပြီးထသော။ ဓမ္မံ၊ ပရိယတ်နှင့် တကွ ဆယ်ပါးသော တရားကို။ နမေ–

mgyoe.com

mgyoe.com


နမာမိ၊ သုံးဖြာ ဒွါရ ပဏာမဖြင့် ညွတ်ခရိုကျိုး ရှိခိုးပါ၏။

၃။ မုနိန္ဒောရသပုတ္တတ္တံ၊ မုနိထွတ်တင် သုံးလူ့ရှင်၏ ရွှေရင်တော်နှစ် သားတော်၏ အဖြစ်သို့။ ဂတံ၊ ရောက်ပြီးထသော။ လောကေ၊ လောကဉ္စ။ သုတံ၊ တစ်ရံတစ်ဆစ်အပြစ်လွတ်ကင်း သတင်းပြန့်ပြော ကျော်စောစွာထသော။ အနုတ္တရံ၊ အတုမရှိသော။ ဝါ၊ တုဘက်ကင်းသော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်လည်း ဖြစ်ထသော။ ဝရံ၊ မြတ်ထသော။ ဝါ။ တောင့်တအပ်ထသော။ နိရင်္ဂဏံ၊ ဒသခမ္ဗ မူလတရား ယင်းက ပွား၍ ထောင်ငါးလွှမ်းခြုံ ကိလေပုံမှ ကုန်စင်မကြွင်း လွတ်ကင်းပြီးထသော။ သံဃံ၊ ပရမတ္ထသံဃာ အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းကို။ နမေ– နမာမိ၊ သုံးဖြာဒွါရ ပဏာမဖြင့် ညွတ်ခရိုကျိုး ရှိခိုးပါ၏။

[ဤကား ရတနတ္တယ ပဏာမ။]

၄။ ဥဘယဟိတတ္ထဩဝါဒံ၊ သံသရာ၊ ပစ္စုပ္ပန် နှစ်တန်စီးပွား အကျိုးများအောင် ထောက်ထားပဲ့ပြင် သွန်သင်ဆုံးမ တတ်ထသော။ သေလသတ္ထုံဝ၊ ကျောက်ထီးကဲ့သို့။ ဂရုံ၊ အလေးအမြတ်ပြုအပ်ထသော။ ဝါစကံ၊ နူးညံ့သိမ်မွေ့ ချောမွေ့ပြေပြစ် နှစ်သက်အပ်သော စကားကို။ ဘာသံ– ဘာသန္တံ၊ မိန့်ဆိုတော်မူတတ်ထသော။ မေ၊ ငါ၏။ ဂုရုံ၊ ဆရာမြတ်ကို။ အတိ

mgyoe.com

mgyoe.com


သက္ကစ္စံ၊ အလွန်ရိုသေစွာ။ သိရေန၊ ဦးဖြင့်။ နတွာ–နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။

၅။ လောကဓမ္မပကိတ္တကာံ၊ လောကကျမ်း၊ ဓမ္မကျမ်းတို့ နှင့် ရောပြွမ်းသော။ ကထာမဂ္ဂံ၊ စကားအစဉ်ရှိထသော။ မတိဝဍ္ဎနကာရဏံ၊ ပညာပွားခြင်း၏ အကြောင်းဖြစ်ထသော။ နာမေန၊ မိမိဂုဏ်ကြောင့်ဖြစ်သော အမည်အားဖြင့်။ ဝံသဒီပကံ၊ ဝံသဒီပနီအမည်ရှိသော။ ပကရဏံ၊ ကျမ်းကို။ ရစယိဿံ–ရစယိဿာမိ၊ နှိုင်းယှဉ်ဆင်ခြင် စီရင်ပေအံ့။ တံ၊ ထိုဝံသဒီပနီ အမည်ရှိသာ ကျမ်းကို။ သုတေသိနော၊ အကြားအမြင် ဆင်ခြင်လိမ္မာ ပညာကို ရှာလေ့ရှိကုန်သော။ ဓီရာ၊ ပညာရှိကဝိတို့သည်။ မေ၊ ငါ၏။ သန္တိကာ၊ အထံမှ။ သဒါ၊ မပြတ်။ ဓာရေန္တု၊ ကြည့်ရှုမှတ်နာ ဆောင်စေကုန်သတည်း။

* * *

## ဘုရားလောင်း ဖွားမြင်တော်မူခြင်း

ဤပြဆိုခဲ့သော ဂါထာဗန္ဓနှင့်အညီ "ဝံသဒီပနီ" ဟူသည် အဘယ်နည်းဟူမူကား ကမ္ဘာတစ်သိန်းအလွန်ရှိသော လေးသင်္ချေအတွင်း၌ ဆည်းပူးတော်မူ၍ ပါရမီအထွတ်သို့ ရောက်တော်မူသော ဘုရားလောင်း သိဒ္ဓတ်မင်းသားသည် မျိုးစေ့သမ္ဘာ ရင့်မာစုံအင်ပြည့်စုံမြင်ခဲ့၍ ဒေဝဒဟပြည်ကြီးကို အစိုးရသော ဘုရားဘိုးတော် အဉ္စနမင်းကြီးသည် ဆရာဒေဝိလရှင်ရသေ့နှင့် တိုင်ပင်၍ မဟာ

mgyoe.com

mgyoe.com


သက္ကရာဇ် ၈၆၄၇ ခုသို့ ရောက်လျှင် "နဝစန္ဒာ" ဖြိုကိန်းသင့်သဖြင့် မဟာသက္ကရာဇ် ၈၆၄၇ ခုကို ဖြို၍ အစွန်းတစ်ခု ကလိယုဂ် သက္ကရာဇ်ကို ထားတော်မူသည်။ ထိုနှစ်ပင် ဘိုးတော် အဥ္စနမင်းကြီး အနိစ္စရောက်သည်။ ၎င်းနှစ်ပင် သားတော် သုဒ္ဓေါဒန မင်းကြီး ဆက်ခံ၍ ကပိလဝတ်ပြည်ကို အုပ်စိုးစံနေတော်မူသည်။

အုပ်စိုးစံနေတော်မူသည့်နောက် သက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက် ဘုရားအလောင်းသည် တုသိတာနတ်ပြည်မှ စုတေခဲ့သဖြင့် မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေစွဲယူတော်မူသည်။ ပဋိသန္ဓေစွဲယူတော်မူ၍ ဆယ်လစေ့သဖြင့် သက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ ဖွားမြင်တော်မူသည်။

## ဘုရားဖြစ်တော်မူခြင်း

ဖွားမြင်တော်မူပြီး၍ သက်တော် ၁၆ နှစ်သို့ ရောက်တော်မူလျှင် သက္ကရာဇ် ၈၄ ခုတွင် ဘထွေးတော် သုပ္ပဗုဒ္ဓမင်းကြီး သမီးတော် ယသော်ဓရာဗိမ္ဗာဒေဝီနှင့် စုံဖက်ထိမ်းမြားတော်မူ၍ ရွှေနန်းစည်းစိမ်အပ်နှင်းပေးတော်မူသဖြင့် မင်းသမီးရှစ်သောင်းအပေါင်း ခြံရံလျက် စံနေတော်မူသည်။

ရွှေနန်းစည်းစိမ်ကို ၁၃ နှစ် စံတော်မူ၍ သက်တော် ၂၉ နှစ်သို့ ရောက်တော်မူလျှင် သားတော် မင်းသား ရာဟုလာကို ဖွားမြင်သည့်နေ့ သက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့်၊ တနင်္လာနေ့ သန်းခေါင်ယံ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်လျက် ပြည်ရွာတိုင်းကား၊ သားမယား

mgyoe.com

mgyoe.com


တို့ကို တံတွေးပေါက်ကဲ့သို့ စွန့်ပစ်သဖြင့် တောထွက်၍ အနော်မာမြစ်နားဌ် ရဟန်းပြုတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်၏အတွင်း ဉရုဝေလတောအရပ်၌ ဒုက္ကရစရိယာ ၆ နှစ် ကျင့်တော်မူသည်။

ဒုက္ကရစရိယာ ၆ နှစ် ကျင့်၍ ဘုရားမျိုးစေ့ရင့်မာခြင်းသို့ ရောက်သဖြင့် သက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဗောဓိပင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ သက်တော်လည်း ၃၅ နှစ် ရှိပြီ။

## သိက္ခာပုဒ် ပညတ်တော်မူခြင်း

ဘုရားဖြစ်ပြီးသည့်နောက် ပထမဗောဓိအတွင်း ရှင်သုဒိန်သည် ဘုရားသခင်ဘုရားဖြစ်၍ ၁၂ နှစ်၊ သက္ကရာဇ် ၁၁၅ ခုတွင် ရဟန်း ပြုသည်။ ဘုရားသခင် ဝါတော် နှစ်ဆယ်ရှိသောအခါ သက္ကရာဇ် ၁၂၃ ခုနှစ်တွင် ရှင်သုဒိန်သည် အဆွေအမျိုးအိမ်သို့ ကြွလာ၍ ဆွမ်းရပ်သည်။ ယင်းသောအခါ ရှင်သုဒိန် ရှစ်ဝါရှိပြီ။ ၎င်းနှစ်ပင် မဟာဝုန်တောဝယ် ပုရာဏဒုတိယိကာ မယားဟောင်းကို လွန်ကျူးမှားယွင်းမိသဖြင့် ဝေသာလီပြည်၌ ပထမသိက္ခာပုဒ်ကို ရှင်သုဒိန်ကို ကိန်းအစပြု၍ ပညတ်တော်မူသည်။

ဤနည်းတူစွာ ၎င်း မပညတ်သေးသော သိက္ခာပုဒ်များကို လွန်ကျူးမှားယွင်းသမျှ ပုဂ္ဂိုလ်တို့အား သိက္ခာပုဒ်ကို ထောက်ရှုတော်မူသဖြင့် အသီးအသီး ပညတ်ထားတော်မူသည်။ သိက္ခာပုဒ်မပညတ်မီက အစလွန်ကျူးမှားယွင်းသမျှ အာဒိကမ္မိကဖြစ်လျှင် မောဃပုရိသသာ အပြစ်တင်တော်မူ၍ ကိုယ်တော်နှင့်မကွာ

mgyoe.com

mgyoe.com

သာသနာတော်မှ အပမဖြစ်သေး။ ဆုံးမဩဝါဒခံ၍ တရားကို ကျင့်ရပြန်သည်။

အာဒိကမ္မိက ပုဂ္ဂိုလ်တို့အား သိက္ခာပုဒ်ကို ပညတ်ပြီးသည့်နောက် ပညတ်တော်မူပြီးသော သိက္ခာပုဒ်များကို လွန်ကျူးမှားယွင်းကြပြန်လျှင် သာသနာတော်မှ အပဖြစ်ထိုက်သသူကို သာသနာတော်မှအပ ဖြစ်စေသည်။ တရားဓမ္မကံဖြင့် ကုမရ၍ သန့်ရှင်းစင်ကြယ်နိုင်သော သိက္ခာပုဒ်ဖြစ်လျှင် သန့်ရှင်းစင်ကြယ်အောင်ပြု၍ သာသနာတော်နှင့် မကင်းမကွာ ထမ်းရွက်ကျင့်ဆောင်စေသည်။

## ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူခြင်း

ဤသို့လျှင် ဘုရားသခင်သည် သက်တော် ၈၁၊ ဝါတော် ၄၅ ဝါပတ်လုံး အသီးအသီး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ကိုယ်တော်မျက်မှောက် လူလည်း လူ့အလျောက်၊ နတ်လည်း နတ်အလျောက်၊ ဆုံးမဩဝါဒပေး၍ ချွတ်တော်မူသည်။ ကိုယ်တော်နှင့် ထက်ကြပ်မပါသေး ကြွင်းကျန်ရစ်သော သတ္တဝါအပေါင်းတို့ကို မြင်တော်မူသည်။ နောက်တော် ထက်ကြပ်လိုက်စေ၍ ကုသိနာရုံပြည်ဝယ် သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ ရွှေပြည်နိဗ္ဗာန် စံဝင်တော်မူမည်ဟု ရွှေညောင်စောင်း၌ လျောင်းတော်မူစဉ် "ငါ ဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူသည့်နောက် ငါ ဘုရား၏ အရိုက်အရာ ငါ ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်သည် ငါဘုရား၏ ထင်ရှားရှိဘိသကဲ့သို့ သာသနာတော် ငါးထောင်တိုင်အောင် ဆုံးမပဲ့ပြင်ရစ်လတ္တံ့" ဟု

mgyoe.com

mgyoe.com


ဗျာဒိတ်စကား ထားတော်မူခဲ့၍ ကဆုန်လပြည့် ဝိသာခါနက္ခတ် မွန်းတည့် မိုးသောက်ယံ၌ အင်္ဂါနေ့ ပရိနိဗ္ဗာန်ပြုတော်မူသည်။

## ရှင်မဟာကဿပ မရောက်သေး၍ တေဇောဓာတ်မထခြင်း

ရွှေအဆင်းနှင့်တူသော အလောင်းတော်ကို ပရိနိဗ္ဗာန်ပြုရာ ရွှေညောင်စောင်းတွင်ထား၍ ရွှေအဆင်းနှင့်တူသော ကိုယ်တော် အလောင်းတော်ကို ပူဇော်ကုန်လျက်သံဝေဂ၏ အကြောင်းဖြစ်သော အမြိမတည်သင်္ခါရနှင့်စပ်သော သီချင်းတို့ကို သီကုံးလျက် ကဆုန်လဆုတ် ၁ ရက် ဗုဒ္ဓဟူးနေ့မှစ၍ သာဓုကီဠန သဘင်ခံသည်။ ၇ ရက်ရှိလျှင် ကိုယ်တော်အလောင်းတော်ကို မြို့လယ်တွင် ထုတ်၍ ကုသိနာရုံပြည်၏ အရှေ့တောင်ယံ မကုဋဗန္ဓနမည်သော မလ္လာမင်းတို့၏ ဘိသိက်မြှောက်ရာ စေတီသို့ဆောင်၍ သဘင်မင်းကွန်း၌ ထားပြီးလျှင် ရွှေတလား၌သွင်း၍ ကဆုန်လဆုတ် ၈ ရက် ဗုဒ္ဓဟူးနေ့ အလောင်းတော်ကို နံ့သာထင်းပုံသို့ တင်၍ စကြာမင်းကဲ့သို့ သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုသဖြင့် လေးယောက်သော မလ္လာမင်း အကြီးအမှူးပြု၍ ၈ ယောက်သော မလ္လာမင်း၊ ၁၆ ယောက်သော မလ္လာမင်း၊ ၃၂ ယောက်သော မလ္လာမင်းတို့သည် အစုံအစုံသော ဖို၊ ယပ်တောင်တို့ဖြင့် ထိုး၊ ယပ်ကုန်သော်လည်း မီးတောက်စိမ့်သောငှာ မတတ်နိုင်ကုန်သည်သာ ဖြစ်၏။

ထိုအခါ ကုသိနာရုံ မလ္လာမင်းတို့သည် နံ့သာ ထင်းပုံ မီး မတောက်နိုင်သောအကြောင်းတို့ကို အရှင်အနုရုဒ္ဓါအား မေးလျှောက်

mgyoe.com

mgyoe.com


ကြကုန်သည်ရှိသော် "အချင်းတို့ ... အရှင် မဟာကဿပတပည့် နတ်အပေါင်းတို့သည် 'ယခုအစည်းအဝေး၌ ငါတို့ဆရာ ရှင်မဟာကဿပကို မမြင်'ဟု ဆင်ခြင်ကြလျှင် ပါဝါပြည်မှလာကြောင်းကို သိကုန်၍ ရှင်မဟာကဿပ လာရောက်ခြင်းကို ငံ့ဆိုင်းလိုသောကြောင့် နတ်တို့ပိတ်ပင်ဆီးတားသဖြင့် မီးမတောက်သော အခြင်းအရာသာဖြစ်သည်"ဟု အရှင် အနုရုဒ္ဓါ မိန့်တော်မူလျှင် မလ္လာမင်းအပေါင်းတို့လည်း ရှင်မဟာကဿပ လာရောက်ခြင်းကို ငံ့ဆိုင်းလျက် သဘင်ကြီးစွာ ခံနေနှင့်ကြကုန်သည်။

## ဘုရားမရှိ၍ပညတ်ချက်မှလွတ်ပြီဟု သုဘဒ္ဒရဟန်းကြီးဝမ်းသာစကားဆိုခြင်း

အရှင်မဟာကဿပလည်း ကုသိနာရုံပြည်သို့ ဘုရားသခင် ဒေသစာရီကြွတော်မူသောအကြောင်းကို သိတော်မူလျှင် ပါဝါပြည်မှ ကုသနာရုံသို့ သံဃာတော်ငါးရာခြံရံလျက် လာခဲ့သောလမ်းခရီးစပ်ကြား၌ အာဇီဝကတက္ကတွန်းကိုတွေ့၍ ဘုရားသခင်အကြောင်းကို မေးလျှင် "အရှင်မဟာကဿပ... အကျွန်ုပ်သည် ဘုရားသခင်ထံမှ လာခဲ့သည်။ ဘုရားသခင် ကဆုန်လပြည့်အင်္ဂါနေ့ ပရိနိဗ္ဗာန်ပြု၍ ယနေ့ ၇–ရက်ရှိပြီ" ဟု အာဇီဝက ပြောဆိုသောစကားကို ကြားကုန်၍ အရိယာမှတစ်ပါး ပုထုဇဉ်အပေါင်းတို့သည် မိမိတို့သင်္ကန်း,သပိတ်ကို စွန့်ပစ်လျက် "လောက၌ဘုရားသခင်လျင်စွာ ကွယ်ခဲ့ပြီ၊ ငါတို့ကိုးကွယ်ရာမရှိချေပြီ" ဟု ငိုမြည်တမ်းတလျက် သောကပရိဒေဝပြင်းစွာရှိစဉ် ဘုရားသခင်၌ ရန်ငြိုးထား၍နေ

mgyoe.com

mgyoe.com


သော တောထွက်ကြီး သုဘဒ်ရဟန်းသည် မာသောစိတ္တ–အစရှိသည်ဖြင့် "အဘယ်မူ၍ငိုကြွေးကုန်အံ့နည်း၊ အဘယ်မူ၍စိုးရိမ်ကြကုန်အံ့နည်း၊ ရှင်တို့ဆရာဘုရား ဂေါတမ စကားများနှင့် ကင်းကွာသည်ကို ဝမ်းမြောက်ဝမ်းသာရှိကောင်းပြီတကား" ဟု ရှေးကာလက ဘုရားသခင် သုဘဒ်ရဟန်းအား ဆုံးမပဲ့ပြင်သည်ကို မလိုက်မနာချင်သောစိတ်ဖြင့် ရန်ငြိုးထား၍ ယခုအခွင့်သာသော ကာလဆိုသတည်း။

## သုဘဒ်ရဟန်းကြီး ရန်ငြိုးထားခဲ့ခြင်း

အဘယ်ကိုစွဲ၍ ဘုရားသခင်ကို သုဘဒ်ရဟန်း ရန်ငြိုးထားသနည်း၊ ဆတ္တာသည်ဖြစ်ဖူးသော တောထွက်သုဘဒ်ရဟန်းသည် ဘုရားသခင် ကုသိနာရုံမှထွက်၍ နှစ်ရာ့ငါးကျိပ်သော ရဟန်းတို့နှင့်တကွ အာတုမရွာသို့ ဒေသစာရီ လှည့်လာကြောင်းကို ကြားသိလျှင် "ကြွလာသော ကာလ၌ ယာဂုကိုလှူအံ့" ဟု သာမဏေဘုံ၌တည်သော သားနှစ်ယောက်ကိုဆို၏။ "ချစ်သားတို့… ဘုရားသခင်သည် အာတုမရွာသို့ များစွာသော ရဟန်းတို့နှင့် ကြွလာသတည်း၊ ချစ်သားတို့… သင်တို့သည် အိတ်၊ သင်တုန်းဓားတို့ကိုယူ၍ အိမ်စဉ်အတိုင်း လှည့်လည်၍ ရွှေ၊ ငွေ၊ ဆား၊ ဆီ၊ ဆန်ကွဲ၊ ဖွဲ တို့ကို ယူဆောင်ခဲ့၍ ဘုရားသခင်ကြွလာသော ကာလ ယာဂုကိုလှူအံ့" ဟု စေလွှတ်လိုက်သော် ထိုသာမဏေ သားနှစ်ယောက်တို့လည်း အဘသုဘဒ်ရဟန်းဆိုတိုင်း ပြု၍ ရတနာသမျှ ဆောင်ခဲ့၍ စုပုံပေးအပ်သည်၊ ထိုအခါ ဘုရားသခင် အာတုမရွာသို့ ကြွ

mgyoe.com

mgyoe.com


လာ၍ တည်းနေသည့်အခိုက် သုဘဒ်ရဟန်းသည် လူအပေါင်းတို့ကို နှိုးဆော်ချီးပင့်၍ အိုးခွက်တို့ကို တည်ထားလျက် ချက်ပြုတ်စေသည်။

သုဘဒ်ရဟန်းမူလည်း ညစ်သော သင်္ကန်းကိုဝတ်၍ ထိုနှင့်တူသော သင်္ကန်းကိုရုံ၍ ဟင်းချိုယောက်မကိုကိုင်၍ "ဤသည့်ကိုပြုကုန်လော့" ဟု တစ်သိန်းသော ဥစ္စာကိုစွန့်၍ တစ်ညဥ့်ပတ်လုံးသွားလာနှိုးဆော်လျက် ယာဂုကို စီရင်ပြီးစီးသော် ထိုအခါ ဘုရားသခင် ရဟန်းအပေါင်းခြံရံလျက် ဆွမ်းခံဝင်အံ့သောငှာ အာတုမရွာသို့ ဝင်တော်မူသည်ကို လူအပေါင်းတို့မြင်လျှင် သုဘဒ်ရဟန်းကိုကြားကုန်သည် "ဘုရားသခင် ဆွမ်းအလို့ငှာဝင်ပြီ၊ သင်သည်အဘယ်သူသို့ ယာဂုကို စီရင်သနည်း" ဟု ဆိုကြလျှင် သုဘဒ်ရဟန်းလည်း ဝတ်မြဲတိုင်းသော အဝတ်ဖြင့် လက်တစ်ဖက်ကယောက်မဟင်းချိုကို ကိုင်၍ မြေဋ္ဌ ပုဆစ်တုပ်လျက် လက်အုပ်ချီပြီးလျှင် "ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ ဘုန်းတော်ကြီးသောအရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်၏၊ ယာဂုံ၊ ယာဂုကို။ ပဋိဂ္ဂဏှာတု၊ ခံတော်မူပါလော့" ဟူသော စကားဖြင့် ယာဂုကို ခံစေလိုကြောင်းလျှောက်လျှင် သုဘဒ်ရဟန်းသည် အကပ္ပိယဝတ္ထုတို့ကို ရှာမှီး၍ရသော ပစ္စည်းဖြင့် ပြုသောအကြောင်းကို သိတော်မူလျက် ပစ္စည်းကို မေးမြန်းတော်မူပြန်သော် သုဘဒ်ရဟန်းလည်း မိမိသားသာမဏေနှစ်ယောက်ကို စေလွှတ်၍ရသော ရွှေ၊ ငွေဖြင့် ဝယ်ခြမ်း၍ စီရင်ကြောင်းကို လျှောက်လျှင် "သုဘဒ်ရဟန်း... သင်သည်မအပ်သော ပြုခြင်းသာတည်း" ဟု ကဲ့ရဲ့တော်မူလို၍...

"တုမှာကံ၊ သင်တို့အား၊ အခမ္မေန၊ တရားမဟုတ်သဖြင့်။

mgyoe.com

mgyoe.com


ဣန္ဒာ၊ ဥပ္ပန္နဘောဇနံ၊ ဤဖြစ်သော ဘောဇဉ်သည်။ အကပ္ပိယံ၊ မအပ်။ ဣန္ဒာ၊ ဤဘောဇဉ်ကို။ ပရိဘုဥ္ဇိတွာ၊ သုံးဆောင်ခြင်းကြောင့်၊ အနေကာနိ။ များစွာကုန်သော။ အတ္တဘာဝ သဟဿာနိ အတ္တဘော တစ်ထောင်တို့ ကာလပတ်လုံး။ အပါယေ သွေဝ၊ အပါယ်လေးဘုံတို့၌သာလျှင်။ နိဗ္ဗတ္တိ သဿန္တိ၊ ဖြစ်ကုန်လတ္တံ့၊ အပေထ၊ ဖဲလေကုန်။ မာဂဏှထ၊ မခံကုန်လင့်"။

ဤသို့ မိန့်တော်မူပြီးလျှင် အကပ္ပိယသမာဒါန သိက္ခာပုဒ်ကို ပညတ်တော်မူ၍ ဆွမ်းခံဝင်တော်မူလေသည်၊ တစ်ယောက်သော ရဟန်းမျှလည်း တစ်စုံတစ်ခုကို မခံကုန်သည်ရှိသော် သုဘဒ်ရဟန်းသည် နှလုံးမသာသည်ဖြစ်၍ "ငါသည် အသက်ထက်ဆုံး ရှာမှီးအပ်သော ဝတ္ထုကို ရဟန်းဂေါတမ ဖျက်ဆီးသည်၊ ငါ့အား အကျိုးစီးပွားမဲ့ကို ပြုသည်၊ ပြုနှင့်စေဦးတော့" ဟု မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍ မြတ်စွာဘုရား ထင်ရှားရှိစဉ် တစ်စုံတစ်ခုသော စကားကိုမျှ ဆိုခြင်းငှာ မစွမ်းနိုင်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု၍ ၇ ရက်မျှရှိစဉ် မဖွယ်ရာသော စကားဖြင့် သံဃာ့ အလယ်၌ ဆိုတည့်သော သုဘဒ်စကားကို ရှင်မဟာကဿပကြားလျှင် ဦးခေါင်းတော်၌ မိုးကြိုးစက်သွား ကျလတ်သကဲ့သို့ ရှိတည့်၏။

"ဤသို့သော စကားကိုဆိုသော ဤရဟန်းကို ဦးကျားရိတ်၍ ဦးခေါင်းကို ပြာပက်၍ လှည့်လည်သဖြင့် ကြဉ်စေကောင်း၏" ဟု ဆိုတော်မူသည်။ "ကြဉ်ကား ကြဉ်ရတော့မည်" ဟု အောက်မေ့ ပြန်သော် "ငါ့ရှင်တို့... ဆရာဘုရားသခင် ပရိနိဗ္ဗာန်ပြု၍ မီးငွေ့ မစဲခင်ပင် အမှုဖြစ်ထည့်သည်ဟူ၍ လူတို့ ကဲ့ရဲ့မည်ကို စိုးရိမ်၍သာ နေကုန်သည်" ဟု မိန့်တော်မူ၍ သံဃာတော်အပေါင်းကို နှစ်သိမ့်

mgyoe.com

mgyoe.com


စေလျက် ကုသိနာရုံပြည်သို့ ကြွလာ၍ ရောက်လျှင် နတ်များ အပေါင်းတို့လည်း "ငါတို့ဆရာ ရှင်မဟာကဿပ ကြွလာပြီ" ဟု ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်ပြီ။

## သုဘဒ်ရဟန်းကို အကြောင်းပြု၍ သင်္ဂါယနာ တင်ရန် စီစဉ်ရခြင်း

ရှင်မဟာကဿပလည်း အလောင်းတော်ကို လက်ျာရစ် သုံးပတ်လှည့်၍ ခြေတော်စုံကို ဦးခိုက်ပူဇော်ပြီးသော် ကဆုန်လဆုတ် ၁၂ ရက် တနင်္ဂနွေနေ့ တေဇောဓာတ်လောင်တော်မူ၍ သင်္ဂြိုဟ်ခြင်းကိစ္စပြီးသည် ၇ ရက်၊ ထို့နောက်မှ သဘင်ခံရာ တဲကွန်းဇရပ်စီရင်၍ လှံသွားအတိစီလျက် စောင့်ရှောက်ထိန်းသိမ်း၍ ဓာတ်တော်ကို ပူဇော်သည် ၇ ရက်၊ (အစဦးစွာ သာဓုကီဠနသဘင်ပြုသည် ၇ ရက်) ဤသတ္တာဟ သုံးပါး ၂၁ ရက် နယုန်လဆန်း ၄ ရက် တနင်္ဂနွေနေ့ ဓာတ်တော်ကို ၇ ပြည်ထောင်မင်းတို့အား ဒေါန ပုဏ္ဏား ဝေငှပေးအပ်သည်။

အရှင်မဟာ ကဿပလည်း ဓာတ်တော်ကို ဝေသည့်နေ့ ပရိသတ် လေးပါးတို့၏ အလယ်၌ နေတော်မူလျက် "ဘုရားသခင်သည် ပရိနိဗ္ဗာန်ပြု၍ ၇ ရက်မျှရှိသေး၏။ ထိုအတွင်း သုဘဒ်ရဟန်းသည် မဖွယ်ရာသော စကားပြောကြား ပရိသတ် အပေါင်းတွင် ဆိုသော စကားကို အောက်မေ့တော်မူလျက် "ဤအကြောင်းသည် ရှိလေသေးသည်၊ "ဤအကြောင်းကြောင့် ယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်းတို့သည် ဘုရားစကားတော်တည်းဟူ

mgyoe.com

mgyoe.com


သော ပိဋကတ်သုံးပုံသည် လွန်ပြီးသော ဘုရားရှိ၏၊ ဘုရားမရှိက တရားစကား မရှိပြီ၊ ဤသို့ မှတ်ကုန်သည်ဖြစ်၍ အလဇ္ဇီ၏ အပင်း အသင်းကိုရသဖြင့် မကြာမတင် သူတော်ကောင်းတရား ဘုရား စကားတော် ပိဋကတ်သုံးပုံသည် ကွယ်ပျောက်လေရာသည်၊ အကြင်မျှလောက်သော ကာလပတ်လုံး သုတ်၊ အဘိဓမ္မာ၊ ဝိနည်း သည် တည်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားစကား တော်သည် မလွန်သေးသည်သာ ဖြစ်သည်၊ အဘယ်ကြောင့် နည်းဟူမူကား –

"ယော ဝေါ မယာ အာနန္ဒ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာတိ" –

ဟူသော ဘုရားသခင် မိန့်တော်မူခဲ့သည်နှင့် အညီ "အာနန္ဒာ ငါ ဘုရားသည် ၄၅ ဝါတို့ပတ်လုံး ဟောအပ်သော သုတ်၊ အဘိ ဓမ္မာ၊ ဝိနည်းတရားတည်းဟူသော ပိဋကတ်သုံးပုံ၊ ဓမ္မက္ခန္ဓာ ရှစ် သောင်းလေးထောင်လျှင်ဖြစ်သည်၊ ယခုငါ ဘုရားတစ်ဆူသာ ပရိ နိဗ္ဗာန်ပြုလိမ့်မည်၊ ငါဘုရား ပရိနိဗ္ဗာန်ပြု၍ လွန်ခဲ့သော် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တည်းဟူသော ဘုရားရှစ်သောင်းလေး ထောင်တို့သည် အာနန္ဒာအစရှိကုန်သော တပည့်သားတို့အား ဆုံးမရစ်အံ့၊ ငါနှင့်အတူတူ ဆရာဘုရားတည်း" ဟု မိန့်တော်မူခဲ့ပြီ။

ဆရာဘုရားသခင်လည်း "ငါတပည့်မဟာကဿပသည် ငါ ကဲ့သို့ အများတကာကို ဆုံးမပေလတ္တံ့သည် ငါ၏သာသနာတော် ကို ချီးပင့်လတ္တံ့သည်ဟု အရိယာသံဃာတော်များနှင့် ပရိသတ် တို့မျက်မှောက် ဗျာဒိတ်ကြားတော် မူသည့်အတိုင်း ကျေးဇူးတော် ဆပ်အံ့" ဟု အောက်မေ့တော်မူ၍ "ငါ့ရှင်တို့ ရာဇဂြိုဟ်ပြည်မှာ

mgyoe.com

mgyoe.com


ဝါဆိုမည်၊ သင်္ဂါယနာတင်မည်၊ အရက်လေးဆယ်မျှ ကြွင်းတော့သည်၊ နယုန်လတစ်လကို မြတ်စွာဘုရား ပရိနိဗ္ဗာန်လားသည်ဟူ၍ ကြေကွဲသည်များကို အရပ်တိုင်းသွား၍ စိတ်နှလုံးပြည့်အောင် ဥတ်တင်ချေ၊ ဝါဆိုလဆန်း ၁၄ ရက်နေ့ကို ရာဇဂြိုဟ်ပြည်သို့ ရောက်စေ" ဟု ဥတ်ကမ္မဝါစာရွတ်၍ ကတိကဝတ်ပြုပြီးလျှင် အရှင်မဟာ ကဿပ၊ အရှင်အနုရုဒ္ဓါတို့သည် မိမိတို့ ၏ သံဃာအပေါင်းတို့ကိုခေါ်၍ ၂၅ ယူဇနာကွာသော ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေသည်။

အရှင်အာနန္ဒာမှာလည်း တပည့် သံဃာတို့ကို ခေါ်၍ ၅ ယူဇနာကွာသော သာဝတ္ထိပြည်သို့ ကြွတော်မူလေသည်။ အရှင်ပုဏ္ဏမထေရ်သည် ၇၀၀ သော ရဟန်းအပေါင်းခြံရံလျက် ကုသိနာရုံပြည်၌ နေတော်မူလျက် လာတိုင်းလာတိုင်းသော လူအပေါင်းတို့ကို သောကဖြင့် နှိပ်စက်သည်ကို သခါရနှင့် စပ်သောစကားဖြင့် ဆုံးမ၍ သက်သာစေသည်။

## ရှင်မဟာကဿပနှင့် အဇာတသတ်မင်း သင်္ဂါယနာတင်၍ သာသနာပြုပုံ

ဤသို့လျှင် အသီးအသီး မိမိတို့နေရာနေရပ်တို့သို့ရောက်၍ သောကဖြင့် နှိပ်စက်သော လူအပေါင်းတို့ကို နှစ်သိမ့်စေ၍ ရာဇဂြိုဟ်ပြည်သို့ ပြန်လည်တော်မူကြသဖြင့် ဝါဆိုလဆန်း ၁၄ ရက်နေ့ ရာဇဂြိုဟ်ပြည်သို့ ရောက်ကြ၍ ၎င်းလဆန်း ၁၅ ရက်၊ လပြည့်နေ့ ဥပုသ်ပြုပြီးလျှင် ဝါဆိုလပြည့်ကျော် အထွက်တစ်ရက်နေ့

mgyoe.com

mgyoe.com

ဝါကပ်ပြီးသော် နှစ်ရက်မြောက်သော နေ့၌ ၁၈ ရပ်သော ကျောင်းကို ပြုပြင်စိမ့်သောငှာ လက်မှုကို အဇာတသတ်မင်းထံသို့ သွား၍ ရပ်ခံသည်၊ ရပ်ခံ၍ရသော လက်သမားတို့ဖြင့် ၁၈ ရပ်သော ကျောင်းကို ပြုပြင်ပြီး ပြေပြန်လျှင် အဇာတသတ်မင်းအား "သင်္ဂါယနာတင်မည့်အခါ ရောက်ပြီ၊ သင်္ဂါယနာတင်သောအခါ စည်းဝေးရန်မဏ္ဍပ်ကို ဝေဘာရတွင် လုပ်ပါစေ" ဟု အကြောင်းကိုကြားလျှင် အဇာတသတ်မင်းလည်း နတ်၏ သုဓမ္မာဇရပ်သဘင်ကဲ့သို့ ဝေဘာရတွင် လုပ်ဆောင်ပြီးစီး၍ အရှင်မဟာကဿပကို အကြောင်းကြားပြန်လျှင် အရှင်မဟာကဿပလည်း ရာဇဂြိုဟ်ပြည်သို့ ရောက်လာသော ခုနစ်သိန်းသော မထေရ်၊ ရဟန်းသံဃာ မရေတွက်နိုင်အများတို့တွင် ဘုရားသခင်လက်ထက် ဧတဒဂ်ရသော ပိဋကတ်သုံးပုံကို ဆောင်ရွက်နိုင်သော ဆဋ္ဌာဘိည ပဋိသမ္ဘိဒါပတ္တသို့ရောက်သော ငါးရာသော သံဃာတို့ကို ရွေးချယ်တော်မူ၍ရလျှင် သက္ကရာဇ် ၁၄၈ ခု၊ ဝါခေါင်လဆန်း ၅ရက် သောကြာနေ့ သုဓမ္မာမဏ္ဍပ်သို့ဝင်၍ ခုနစ်သိန်းသော မထေရ်၊ ရဟန်းသံဃာ မရေတွက်နိုင် စည်းဝေးတော်မူကြသည်။ ထိုစည်းဝေးသော သံဃာအပေါင်းအလယ်၌ "အဘယ်ပိဋကတ်ကို သင်္ဂါယနာ ရှေးဦးစွာ တင်ကုန်ရအံ့နည်း" ဟု မေးတော်မူသော် –

"ဘန္တေ ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။ တသ္မာ ပဌမံ ဝိနယံ သင်္ဂါယာမ"

ဟူသော ပါရာဇိကဏ်အဋ္ဌကထာပါဠ်၌ "အရှင်မဟာကဿပ.... ဝိနည်းမည်သည်ကား ဘုရားသခင်၏ သာသနာတော်၏ အသက်တည်း၊ ဝိနည်းတည်သည်ရှိသော် သာသနာတော်
mgyoe.com

mgyoe.com


တည်ထွန်းပွင့်လင်းသည်၊ ထို့ကြောင့် ရှေးဦးစွာ ဝိနည်းကို သင်္ဂါယနာ တင်ကုန်အံ့သတည်း” ဟု ဆိုကြကုန်သည်။

သံဃာတော်တို့ ရှေးဦးစွာ ဝိနည်းကို သင်္ဂါယနာ တင်ရမည် ဆိုကြသည့်အတိုင်း ဘုရားသခင်လက်ထက် ဝိနည်းအရာ ဧတဒဂ် ရသော အရှင်ဥပါလိသည် ဝိနည်းကို သင်္ဂါယနာရှေးဦးစွာတင်သည်၊ ထို့နောက် သုတ်, အဘိဓမ္မာကို သင်္ဂါယနာတင်သည်။ ထိုသို့ သင်္ဂါယနာတင်ကြပြီးလျှင် ရဟန္တာများ ညီညွတ်အောင် ရွတ်ဖတ် သရဇ္ဈာယ် ကြကုန်သည်။ ဤသို့နှင့်နှင် ငါးလပတ်လုံး တစ်နေ့မလပ် သံဃာ အစည်းအဝေးပြု၍ နတ်တော်လတိုင် ငါးလမှ ပြီးသည်၊ မြေကြီးငလျင် ပြင်းစွာလှုပ်သည်။

## ပထမသင်္ဂါယနာတင်ခြင်းအကြောင်း

ထိုသို့ ပရိယတ်ကို သင်္ဂါယနာတင်ခြင်းကား ဘုရားသခင်ထားတော်မူခဲ့သော သာသနာတော်တွင် ပရိယတ္တိလျှင် သာသနာတော်၏ အမြစ်ဖြစ်သည်။ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံ ကွယ်ခဲ့က ပဋိပတ္တိ၊ ပဋိဝေဓတို့သည်လည်း မရှိဖြစ်ချေသည်၊ ဥပမာကား အကြင်ကန်၌ရှိသော ကြာပင်၊ ကြာပွင့်၊ ကြာသီးတို့သည် ရေကန်ကို အမှီရမှဖြစ်သကဲ့သို့ ကန်၌ ရေသည်လည်း ကန်ပေါင်ရိုးကောင်းမှ ရေရှိသည်၊ ရေရှိမှ ကြာတို့သည် ဖြစ်သည်၊ ကန်ပေါင်ရိုးပျက်ခဲ့က ရေမရှိ၊ ရေမရှိကကြာတို့သည် မရှိမဖြစ်ချေသည်။ ပရိယတ္တိဟူသော ပဋိကတ်သုံးပုံသည် ကန်ပေါင်ရိုးနှင့်တူသည်၊ ပရိယတ္တိကွယ်ခဲ့က ပဋိပတ္တိအကျင့်ချွတ်ယွင်းသည်၊ အကျင့်

mgyoe.com

mgyoe.com


ချွတ်ယွင်းက ပဋိဝေဓတရား ပျက်ချေသည်၊ ကန်ပေါင်ရိုးနှင့် တူသော ပရိယတ္တိလျှင် သာသနာတော်၏ အမြစ်ဖြစ်သတည်း။ ယင်းသို့ဖြစ်သောကြောင့် သာသနာတော် ငါးထောင်တည်သမျှ ကာလပတ်လုံး ပရိယတ်ကို အားထုတ်တော်မူစေလို၍ အရှင်မဟာကဿပသည် သင်္ဂါယနာ တင်တော်မူသတည်း။

ပထမသင်္ဂါယနာ တင်တော်မူကုန်သော ငါးရာသော ရဟန္တာတို့တွင် –

(၁) ဓုတင်အရာ၌ အရှင်မဟာကဿပ မထေရ်၊
(၂) ဗဟုဿုတအရာ၌ အရှင်အာနန္ဒာ မထေရ်၊
(၃) ဝိနယအရာ၌ အရှင်ဥပါလိ မထေရ်၊
(၄) ဒိဗ္ဗစက္ခုအရာ၌ အရှင်အနုရုဒ္ဓါ မထေရ်၊
(၅) ပဋိဘာနအရာ၌ အရှင်ဝင်္ဂီသ မထေရ်၊
(၆) ဓမ္မကထိကအရာ၌ အရှင်ပုဏ္ဏ မထေရ်၊
(၇) ဝိစိတ္တအရာ အရှင်ကုမာရကဿပ မထေရ်၊
(၈) ဝိဘဇ္ဇအရာ၌ အရှင်ကစ္စည်း မထေရ်၊

ဤမထေရ် ၈ ပါးတို့သည်လည်းကောင်း ဤမှတစ်ပါးသော မထေရ်တို့သည်လည်းကောင်း သောက်ရှုးကြယ်ကဲ့သို့ ထွန်းပကုန်လျက် ဓမ္မ,ဝိနယကို သင်္ဂါယနာ တင်ကုန်သည်။ ဤဓမ္မ,ဝိနယကို သင်္ဂါယနာတင်ကုန်သော ဆရာတို့၏ အယူကို ထေရဝါဒဟူ၍ ဆိုအပ်သည်။ ဤ ထေရဝါဒ ဆရာအပေါင်းတို့တွင် ဥပါလိထေရ် အစရှိကုန်သော အာစရိယ ပရံပရ အဆက်ဆက်တို့သည် ပရိယတ်ကိုသာ ဆောင်ရွက်၍ တရားကို ကျင့်ဆောင်ကုန်သည်။

mgyoe.com

mgyoe.com


# ရှင်ဥပါလိတပည့် ရှင်ဒါသကမထေရ်နှင့် အဇာတသတ်မင်းဆက်

ဤ ပရိယတ်ပထမသင်္ဂါယနာ တင်ပြီးသည့်နောက် အဇာတသတ်မင်းသည် အရှင်မဟာကဿပကို လျှောက်သည် "အရှင်ဘုရား... ယခု သက္ကရာဇ် ၁၄၈ ခုရှိသည်။ ဘုရားသခင် သာသနာတော်လည်း အနှစ်ငါးထောင်ပိုင်းခြား၍ ထားတော်မူသည်။ သာသနာတော်နှင့် သက္ကရာဇ် မညီမညွတ်ရှိကြလတ္တံ့သည်။ သာသနာတော်နှင့် သက္ကရာဇ် တစ်ချက်တည်း ညီမျှအောင် ထားတော်မူပါ" ဟု လျှောက်တောင်းပန်သောကြောင့် အရှင်မဟာကဿပ သည် သက္ကရာဇ် ၁၄၈ ခုတွင် ၁၄၇ ခုကိုဖြို၍ အတို ၁ ခု ထားတော်မူသည်။

အဇာတသတ်မင်းကြီးသည် ဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီးသည်နောက် စည်းစိမ်နှစ်ဆယ့်လေးနှစ်၊ ပရိနိဗ္ဗာန် မပြုမီ ရှစ်နှစ်၊ ပေါင်း ၃၂ နှစ်၊ သာသနာတော် သက္ကရာဇ် ၂၄ ခုတွင် သားတော် ဥဒယဘဒ္ဒမင်းသား လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ် သားတော် ဥဒယဘဒ္ဒ မင်းပြု၍ စည်းစိမ်ခြောက်နှစ်ရှိသောအခါ သာသနာတော် သက္ကရာဇ် ၃၀ ပြည့်တွင် ဥပါလိမထေရ်သည် အနှစ် ၃၀ တို့ ပတ်လုံး မယုတ်မလွန် ဓမ္မက္ခန္ဓာ အပေါင်းတို့ကို တပည့်သံဃာအပေါင်းတို့အား သင်ကြား၍ သိကြားလိမ္မာကြသော သူအပေါင်းတို့တွင် ၁၅ နှစ်အရွယ်ရှိသော ဒါသက လုလင်သည် အဖော်အပေါင်း ၃၀၀ နှင့်တကွ အရှင် ဥပါလိထံ ရဟန်းပြု၍ အသက် ၂၀ ပြည့်သောအခါ ပဉ္စင်းအဖြစ်ကို ရသဖြင့် ရဟန္တာအဖြစ်

mgyoe.com

mgyoe.com

သို့ ရောက်လေသည်။ ဤဒါသက မထေရ်ကို ဝိနယပါမောက္ခ၊ ဂဏပါမောက္ခအရာထားခဲ့ပြီးမှ ဥဒယဘဒ္ဒ မင်းလက်ထက် ဥပါလိထေရ် သက်တော် ဖ၄ နှစ်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။

ဥဒယဘဒ္ဒမင်းလည်း စည်းစိမ် ၁၆နှစ်၊ သာသနာတော် သက္ကရာဇ် ၄၀ ပြည့်တွင် သားတော် အနုရုဒ္ဓါမင်းသား ခမည်းတော်ကို လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ် အနုရုဒ္ဓါ မင်းပြု၍ စည်းစိမ် ၄ နှစ်၊ သာသနာတော် ၄၄ ခုနှစ်တွင် သားတော် မုဏ္ဍာလုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းမုဏ္ဍာမင်းပြု၍ စည်းစိမ် ၄ နှစ်၊ သာသနာတော် ၄၈ နှစ်တွင် သားတော် နာဂဒါသ လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ် နာဂဒါသမင်းပြု၍ စည်းစိမ်ဆယ်နှစ်ရှိသောအခါ သာသနာတော် ၅၈ နှစ်တွင် ကုန်သည်သား ၁၅ နှစ်အရွယ်ရှိသော သောဏသတို့သားသည် ငါးကျိပ်ငါးယောက်သော အဆွေခင်ပွန်းတို့နှင့်တကွ ဒါသကမထေရ်ထံ ရဟန်းပြု၍ ပိဋကတ်သုံးပုံကို သင်ကြား၍ တတ်လိမ္မာလျှင် အသက် ၂၀ ပြည့်သောအခါ ပဉ္စင်းဖြစ်၍ ရဟန္တာအဖြစ်သို့ရောက်သည်။ နာဂဒါသမင်း စည်းစိမ် ၂၄ နှစ်၊ သာသနာတော် ၇၂ ခုတွင် သုသုနာဂအမတ်ကြီးလုပ်ကြံ၍ အနိစ္စ ရောက်သည်။

၎င်းနှစ် သုသုနာဂမင်း မင်းပြု၍ စည်းစိမ် ၈ နှစ်ရှိသောအခါ သာသနာတော်လည်း ၈၀ ပြည့်နှစ်တွင် သောဏထေရ်ကို ဝိနယပါမောက္ခ၊ ဂဏပါမောက္ခအရာ ထားခဲ့၍ ဒါသကမထေရ် သက်တော် ဖ၄ နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။ သုသုနာဂမင်း စည်းစိမ် ၁၈ နှစ်၊ သာသနာတော် ၉၀ ပြည့်တွင် သုသုနာဂမင်း

mgyoe.com

mgyoe.com


အနိစ္စရောက်သည်။

## ရှင်အာနန္ဒာ၏တပည့် ယသမထေရ်နှင့် ဝဇ္ဇီရဟန်းတို့ အရေးအခင်း

ငင်းနှစ် သားတော်ကာဠာသောက မင်းပြု၍ အနှစ်တစ်ရာ မပြည့်မီ ဝေသာလီပြည်တွင် ဝဇ္ဇီရွာသား ရဟန်းတို့သည် "သာသနာတော်၏ ဆန့်ကျင်ဘက် ဝိနည်းဆယ်ပါး အသစ်ပြုလျက် ရွှေ၊ ငွေ တို့ကိုခံသည်" ဟု အရှင်အာနန္ဒာ၏တပည့် ပဋိသမ္ဘိဒါ လေးပါးနှင့်ပြည့်စုံသော အရှင်ယသမထေရ်သည် ဝဇ္ဇီရွာသား ရဟန်းတို့ ဘုရားသာသနာတော်ကို ခို၍ ပြုကျင့်သည် ကြား၍ ဝေသာလီသို့ သွားသဖြင့် ရောက်လျှင် ကုဋ္ဌာဂါရဥ္ဇ သိတင်းသုံးနေသည်။

သိတင်းနေ့၌လည်း ဝဇ္ဇီရွာသူ၊ ရွာသား ရဟန်းတို့ ဥပုသ်ပြုသည်ဟူ၍ လင်ပန်းထဲတွင် ရေထည့်၍ "ဤရေနှင့် လင်ပန်းကို ရွှေ၊ ငွေ၊ ကြေးထည့်မှ ငါတို့ရဟန်း ကိစ္စပြီးမည်" ဟု ဒကာတို့ကို ဆို၏။ ဒကာတို့လည်း အရှင်တို့၏ စကားကို ယုံကြည်၍ ရွှေ၊ ငွေ၊ ကြေးတို့ကို လင်ပန်း၌ ထည့်လေကုန်၏။ ထိုအရှင်တို့ ပြုခဲ့သည်ကို ရှင်ယသမထေရ်မြင်၍ "မအပ်" ဟု ဒကာတို့ကို မြစ်တားသည်။

ဝဇ္ဇီရွာသူရွာသား ရဟန်းတို့သည် "ရှင်ယသမထေရ်၏ စကားသည် အမှားဖြစ်သည်" ဟု ဆိုပြန်လေသဖြင့် "ဒကာတို့အား ကန့်ကွက်သည်ကို ငါတို့ စိတ်နှစ်သက်သည်" ဟု ဆိုလေသော် အရှင်ယသမထေရ်သည်လည်း ဥပါယ်၌ လိမ္မာတော်မူလှ

mgyoe.com

mgyoe.com


သောကြောင့် "အရှင်တို့... တပည့် တစ်ယောက်ကိုလိုက်စေ" ဟု ဆိုလျှင် ထိုဝဇ္ဇီရွာသားရဟန်းတို့၏ တပည့် တစ်ယောက်ကို အရှင်ယသမထေရ်နှင့် လိုက်သဖြင့် ခေါ်၍ ဝေသာလီပြည်သို့ဝင်တော်မူလျှင် "ငါ့ရှင်... ဒကာတို့ကို ကန်တော့မည် မပြုနှင့်၊ ကြဉ်ကုန်" ဟု ရဟန္တာမြတ်သည် မြတ်စွာဘုရား၏ စကားတော်အစဉ်အတိုင်း ပြည်သူတို့ကို ဆို၍ ယုံကြည်လေလျှင် အကြောင်းသို့ပြန်သော် တမန်ရဟန်းလည်း မသက်မသာပြန်ပြီး အကြောင်းစကားတို့ကို ပြောလေသဖြင့် ဝဇ္ဇီ ရွာသူရွာသားရဟန်းတို့လည်း မသက်မသာ စကားနှင့်ရန်ငြိုးဖွဲ့လျက် ရှင်ယသမထေရ်ထံသို့ သွားကြလေကုန်သော် ရှင်ယသမထေရ်လည်း ကောင်းကင်သို့ ပျံလေ၍ ကောသမ္ဗီပြည်သို့ ကြွတော်မူလေ၏။ ကောသမ္ဗီပြည်က စကားပြန်ပြောတတ်သော တပည့်ရဟန်းတို့ကို စေ၍ ဝဇ္ဇီရွာသား ရဟန်းတို့ကို "အဟောဂင်္ဂါသို့ စုဝေးလာကြ၊ ဘုရားသခင် တရား ဟုတ်သည် မဟုတ်သည်၊ မှန်သည်၊ မမှန်သည် ဆိုကြကုန်အံ့" ဟု စေလွှတ်လိုက်သည်၊ အရပ်ရပ်ဂိုဏ်းသံဃာတို့ကိုလည်း "အနှစ်တစ်ရာတိုင်အောင် ရှင်တော်ဘုရား သာသနာတော်သည် ပတ္တမြားရောင်ကဲ့သို့ ထွန်းပသည်ကို နေရောင်ကဲ့သို့ ပူပြင်းအောင် ဝိနည်းဆယ်ပါးအသစ် ဝဇ္ဇီရွာသားရဟန်းတို့ ပြုသည်ဖြစ်သောကြောင့် ငါ့ရှင်တို့သည် အဟောဂင်္ဂါ ကျောင်းသို့ လာကြကုန်" ဟု လှည့်လည်၍ ဆိုစေ၏။ အရှင်ယသမထေရ် ကောင်းကင်သို့ ကြွသွားတော်မူ၍ အဟောဂင်္ဂါကျောင်းသို့ စုဝေးတော်မူသည်။

mgyoe.com

mgyoe.com


# ရှင်ယသနှင့် ကာဠဍာသောကမင်းတို့ ဒုတိယ သင်္ဂါယနာတင်၍ သာသနာပြုပုံ

အရှင်အာနန္ဒာတပည့် အရှင်သဗ္ဗကာမီ၏ ထံသို့ ရဟန်းတော်နှင့်တကွ ရဟန္တာ ဖြစ်ကျိပ်တို့လည်း အံ့ဟောဂင်္ဂါကျောင်းသို့ လာကြကုန်သည်၊ ဤသို့ သော နည်းဖြင့် အရပ်ရပ်တိုင်းနေသော ရဟန်းတို့သည် အဟော ဂင်္ဂါကျောင်းသို့ချည်း စုဝေးလာကြကုန်သည်။ ယင်းသောအခါ ရဟန္တာ ၆ သောင်း၊ ပုထုဇဉ်ကား မရေတွက်နိုင်ဖြစ်သည်။ ထိုအခါ မထေရ်ကြီးတို့ တိုင်ပင်ကုန်သည်ကား "သောရေယျရွာမှ ပိဋကတ် သုံးပုံကို တတ်လိမ္မာသော အရှင်အာနန္ဒာတပည့် အရှင်ရေဝတ သည် ငါတို့အသင်းအပင်းဝင် ဖြစ်မူဝဇ္ဇီတိုင်းသား ရဟန်းတို့နှင့် စကားဆိုရလျှင် ငါတို့နိုင်မည်" ဟု မထေရ်ကြီးတို့ တိုင်ပင်ပြော ဆိုသည်ကို နတ်၏နားဖြင့် ရေဝတအရှင် ကြားလေ၍ သောရေယျ ရွာကသည် ဝေသာလီပြည်သို့ အရှင်သဗ္ဗကာမီထံလာသည်ကို မြင် ကြကုန်သည်။

အရှင်သဗ္ဗကာမီလည်း အရှင်ရေဝတမထေရ်ကိုပင့်၍ တရား ဟောရ၏။ တရားဟောပြီးလျှင် "အရှင်ရေဝတ.. ဝဇ္ဇီရွာသား ရဟန်းတို့ ဝိနည်းအသစ်ပြုသည်ကို မြစ်" ဟုဆိုသော် အရှင်ရေဝတ လည်း "ကောင်းပြီ" ဟု ဝန်ခံသည်။ ဝဇ္ဇီရွာသား ရဟန်းတို့လည်း ရာဇဂြိုဟ်ပြည်တွင် ကာဠာသောကမင်းထံသို့သွား၍ "ဒကာ မင်းကြီး.... ငါတို့ကား မဟာဝန၌ ဝိဟာရ ဂန္ဓကုဋီကိုစောင့်သော ဝဇ္ဇီရွာသူရွာသား ရဟန်းတို့တည်း၊ ဂါမဝါသီ ရဟန်းတို့သည် ငါတို့ကျောင်းကို လုဘိသည်၊ တရားမင်းမြတ် ကူ၍ မြစ်ပါ" ဟု

mgyoe.com

mgyoe.com


ဆို၏။

ကာဠာသောကမင်းကြီးလည်း ထိုဝဇ္ဇီရွာသားရဟန်းတို့၏ စကားကို ယုံကြည်သဖြင့် "အပင်းအသင်းပြု၍ အမတ်ကို ဟန့်တားချေ" ဟု စေလိုက်သည့်အခိုက် သာသနာတော်ကို စောင့်သောနတ်သည် အမတ်ကို လှည့်ပတ်၍ မဟာဝနသို့ မသွားရလေ၊ ထိုညဥ့်၌ပင် ကာဠာသောကမင်းသည် လောဟကုမ္ဘိငရဲအိုးကို မြင်မက်၍ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း ပြင်းစွာဖြစ်သည်။ မိုးသောက်သောကာလ နန္ဒာထေရီ ရဟန္တာမသည် ကောင်းကင်ဖြင့် လာ၍–

"မင်းကြီးကား သာသနာတော်ကို စောင့်နိုင်သော မင်းဖြစ်လျက် မဟာဝန၌နေသော အဓမ္မဝါဒီ ရဟန်းတို့၏စကားကို ယုံကြည်သည် မသင့်၊ သာသနာတော်ကို ချီးမြှင့်မှ ချမ်းသာရမည်"

ဟု ဆိုလာပေသည်နှင့် ကာဠာသောကမင်းကြီးလည်း ရာဇဂြိုဟ်ပြည်က ဝေသာလီပြည်သို့သွား၍ ဘုရားသခင် အလိုတော်ရှိသမျှကို ဆွေးနွေးမေးမြန်းပြီး၍ ဓမ္မနှင့်ညီညွတ်သော ရဟန်းတို့၏ စကားကို နှစ်သက်သဖြင့် ရဟန်းသံဃာတော်အပေါင်းတို့ကို ကန်တော့ပြီးသော် အဟောဂင်္ဂါကျောင်းသို့ချည်း ဝဇ္ဇီရွာသားရဟန်းများတို့နှင့်တကွ စည်းဝေး၍ တစ်သန်းနှစ်သိန်းသော သံဃာတော်တို့၏ အလယ်၌ ရှင်ရေဝတထေရ်သည် အသစ်ပြုသော ဝိနည်းဆယ်ပါးတို့တွင် တစ်ပါးတစ်ပါးကို မေးသော် သဗ္ဗကာမီ မထေရ်သည် ဘုရားပညတ်ထားတော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်နှင့် မလျောက်ပတ် ဆန့်ကျင်ကြောင်း၊ အသစ်ပညတ်တော် မမူသင့်ကြောင်းကို ဖြေတော်မူလျှင် ကာဠာသောကမင်းလည်း "အရှင်ဘုရားတို့… ဘုရားသခင် ဝိနည်းတော်နှင့် ဆန့်ကျင်ခြင်းသည်

mgyoe.com

mgyoe.com


မလျော့်မလျော့ပတ်ပတ်ဖြစ်သည်၊ အရှင်တို့ ချအပ်ပြီ" ဆို၍ "ပါပ ပရိဗိုဇ်ရဟန်းတို့ ပြုအပ်သော ဝိနည်းအသစ်ဆယ်ပါးတို့ကို မရှိ မပေါ်စေနှင့်၊ နှုတ်ကုန်" ဟု အာဏာစကားထား၍ ပါပရဟန်း တို့ကို နှင်ထုတ်လိုက်သည်၊ ပါပရဟန်းတို့ကို နှင်ထုတ်၍ အဓိက ရဏ်းငြိမ်းပြီးလျှင် ရှင်ယသမထေရ်သည် "သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို သင်္ဂါယနာ တင်အံ့" ဟု ပိဋကတ်သုံးပုံကို ဆောင်သော ပဋိသမ္ဘိဒါဆဋ္ဌဘိညသို့ရောက်သော ၇၀၀ သော ရဟန္တာတို့ကို ရွေးကောက်တော်မူ၍ ကာဋ္ဌာသောကမင်းကို အကြောင်းပြုပြီးလျှင် ဝေသာလီပြည် ဝါလိကာရာမ၌ တစ်သန်းနှစ်သိန်းသော ရဟန်း သံဃာအပေါင်းတို့ကို စည်းဝေးစေ၍ ရှင်မဟာကဿပထေရ် ပထမသင်္ဂါယနာတင်သကဲ့သို့ အတူလျှင် အလုံးစုံသော သာသနာ တော်ကို သုတ်သင်ပြီးသော် ကာဋ္ဌာသောကမင်း စည်းစိမ်ဆယ်နှစ်၊ သာသနာတော် သက္ကရာဇ် ၁၀၀ ပြည့် ကဆုန်လပြည့်နေ့ကစ၍ နှုတ်တော်လတိုင်အောင် ရှစ်လတို့ ပတ်လုံး တစ်နေ့မလပ် ပိဋကတ် သုံးပုံကို သင်္ဂါယနာတင်သည်၊ တစ်သန်းနှစ်သိန်းသော သံဃာ တို့သည် အညီအညွတ် ရွတ်ဖတ်သရဇ္ဈာယ် ပြန်ကြကုန်၍ ဒုတိယ သင်္ဂါယနာတင်ခြင်းအပြီးသို့ ရောက်လေသည်။

ဤ ဒုတိယသင်္ဂါယနာ ၇၀၀ နှင့်တင်ကုန်သော မထေရ်တို့ တွင် ကျော်စောထင်ရှားသော သဗ္ဗကာမိထေရ်၊ သာဠှထေရ်၊ ရေဝတထေရ်၊ ခုဇ္ဇသောဘိတထေရ်၊ ယသထေရ်၊ သာဏသမ္ဘူတ ထေရ်၊ ဤမထေရ်ခြောက်ပါးတို့သည် အရှင်အာနန္ဒာမထေရ်၏ အတူနေတပည့် ဘုရားမြတ်စွာကို ဖူးမြင်လိုက်ရကုန်သည်ချည်း။

သုမနထေရ်၊ ဝါသဘဂါမိထေရ်၊ ဤမထေရ် နှစ်ပါးတို့ကား

mgyoe.com

mgyoe.com


အရှင်အနုရုဒ္ဓါ၏ အတူနေတပည့် ဘုရားမြတ်စွာကို ဖူးမြင်လိုက်ရကုန်သည်ချည်း ဖြစ်သတည်း။

ဤရှစ်ပါးသော မထေရ်တို့သည် ပရိယတ္တိတည်းဟူသော ပိဋကတ်သုံးပုံကို ဘုရားသခင် ပရိနိဗ္ဗာန်မပြုမီက သဒ္ဓိဝိဟာရိက ဆရာအရှင် အာနန္ဒာ၊ အရှင်အနုရုဒ္ဓါတို့ထံ သင်ကြား၍ သိလိမ္မာခြင်းသို့ ရောက်လျှင် ပရံပရ အဆက်ဆက် ပို့သသင်ကြား၍ သာသနာတော်ကို ထွန်းပစေလျက် ထေရဝါဒဖြစ်သည်။

## အဓမ္မဝါဒီ ဝဇ္ဇီရဟန်းများ ဂိုဏ်းကွဲပုံနှင့် သင်္ဂါယနာ အတုတင်ပုံ

ဒုတိယ သင်္ဂါယနာတင်ကုန်သော မထေရ်တို့ နှင်ထုတ်ကုန်သော အဓမ္မဝါဒီ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် လျောက်ပတ်သော ဒုဗ္ဗလပက္ခကို ရသဖြင့် တစ်သောင်းသော ရဟန်းတို့သည် အညီအညွတ် စည်းဝေးကုန်လျက် သင်္ဂါယနာ တင်တော်မူကုန်သည်။ ထို သင်္ဂါယနာကား မဟာသင်္ဂီတိ မည်သတတ်၊ ထိုဝဇ္ဇီရွာသား ရဟန်းတို့သည် မဟာသင်္ဂီတိ ဟူသောအမည်မှ အန္တရာယ်ဖြင့် ကွဲကုန်သတတ်၊ ထိုမဟာ သင်္ဂီတိအနွယ်မှ ကွဲကုန်၍ –

(၁) ဂေါကုလိကဂိုဏ်း၊

(၂) ဧကဗျောဟာရိကဂိုဏ်း –

နှစ်ပါး ဖြစ်ပြန်သည်၊ ဂေါကုလိက ဂိုဏ်းမှ ကွဲပြန်တုံ၍လည်း–

(၁) ပဏ္ဏတ္တိဝါဒဂိုဏ်း

mgyoe.com

mgyoe.com


(၂) ဗဟုဿုတိကဂိုဏ်း

နှစ်ပါးဖြစ်ပြန်သည်။ ထိုဂိုဏ်းနှစ်ပါးမှ ကွဲပြန်တုံ၍ –

(၁) စေတိယဝါဒ

ဟူသော ဂိုဏ်းအနွယ်ဖြစ်သည်၊ ဤမဟာသံဃီတိက ဆရာအနွယ် သာသနာတော် ၂၀၀ အတွင်းလျှင် ငါးပါးသော ဆရာတို့၏ အနွယ်ဖြစ်သည်။ ပထမ မဟာသံဃီတိကနှင့်သော် ဂိုဏ်းခြောက်ပါးဖြစ်သတည်း။

ထိုအနှစ် ၂၀၀ တိုင် ၎င်း ထေရဝါဒမှလည်း –

(၁) မဟိသာသကဝါဒ၊

(၂) ဝဇ္ဇီပုတ္တကဝါဒ –

ဟူ၍ ဆရာနှစ်ပါး ကွဲပြန်သည်။ ဝဇ္ဇီပုတ္တက ဆရာအနွယ်မှလည်း –

(၁) ဓမ္မုတ္တရိယဝါဒ၊

(၂) ဘဒြယာနိကဝါဒ၊

(၃) ဆန္နာဂါရိကဝါဒ၊

(၄) သမိတိယဝါဒ –

ဟူ၍ လေးပါးသောဆရာတို့၏ အနွယ်ကွဲပြားသည်၊ မဟိသာသက အနွယ်မှလည်း ကွဲပြန်တုံ၍ –

(၁) ဓမ္မဂုတ္တိကဝါဒ၊

(၂) သဗ္ဗတ္ထိဝါဒ –

ဟူ၍ နှစ်ပါးဖြစ်ပြန်သည်။ သဗ္ဗတ္ထိဝါဒမှ ကွဲတုံပြန်၍ –

(၁) ကဿပိက –

ဟူသော ဆရာအနွယ်ဖြစ်သည်။ ဤကဿပိကဟူသော

mgyoe.com

mgyoe.com


ဆရာအနွယ်မှ ကွဲပြန်တုံ၍လည်း....

(၁) သက်န္တိက -

ဆရာအနွယ်ဖြစ်ပြန်သည်။

သက်န္တိကဆရာအနွယ်မှ ကွဲပြန်တုံ၍လည်း

(၁) သုတ္တဝါဒ -

ဆရာအနွယ်ဖြစ်သည်။ ဤ ၁၁ ပါးသော အနွယ်ကား ထေရဝါဒမှ ကွဲ၍ ဖြစ်သည်။ ပထမထေရဝါဒနှင့်သော် ၁၂ ပါး ဖြစ်သည်။ ဤသို့ မဟာသံဃိကဆရာတို့၏ အနွယ်ခြောက်ပါး၊ ထေရဝါဒအနွယ် ၁၂ ပါး ပေါင်း ၁၈ ပါးတို့သည် သာသနာ ၂၀၀ အတွင်းသာဖြစ်သတည်း။

[အဋ္ဌာရသနိကာယဟူသော စကားသည်လည်း ဤ ၁၈ပါးသော ဂိုဏ်းတို့ကိုပင် ဆိုသည်။ ဤ ၁၈ ပါးသော ဂိုဏ်းတို့တွင် ပထမ ထေရဝါဒသာလျှင် ဘုရားသခင် အယူတော်နှင့် မကွဲသတည်း၊ ၁၇ ပါးသော ဂိုဏ်းတို့သည်ကား အယူဝါဒ ကွဲကြသည်ချည်း ဖြစ်သည်။ ရဟန်းတို့၏ ပရိက္ခရာ အသွင် စသည်တို့ကား တူကုန်သည်၊ အယူဝါဒ ဖောက်ပြန်၍ ဘုရားပညတ်တော်နှင့် မညီဖြစ်ကုန်သည်။ မဟာသံဃိတိကိုပြုသော ဝဇ္ဇီတိုင်းသား ရဟန်းတို့ကား မူလသင်္ဂါယနာတင်သည်ကို ဖျက်၍ တစ်ပါးသော အခြင်းအရာဖြင့် သင်္ဂါယနာတင်ဟန် ပြုသည်။ ဤဝဇ္ဇီတိုင်းသား သင်္ဂါယနာတင်သည်လည်း သာသနာတော်နှင့် အနုလောမ မဖြစ်၊ ပဋိလောမသာ ဖြစ်သည်။ ဤစကားသည် ဒီပဝင်တွင် လာသည်။]

mgyoe.com

mgyoe.com


# ရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ ရဟန်းဖြစ်ရေးအတွက် ရဟန္တာ ၂ ပါး တာဝန်ယူဆောင်ရွက်ပုံ

ကာဠာသောကမင်းလက်ထက် အနှစ်တစ်ရာတွင် ဒုတိယ သင်္ဂါယနာတင်ပြီးသည့်နောက် ရှစ်နှစ်၌ ပါဋလိပုတ်ပြည် အမတ်သား သိဂ္ဂဝလုလင်သည် အဆွေခင်ပွန်းဖြစ်သော သူဌေးသား စဏ္ဍာဝဇ္ဇီနှင့် အခြွေအရံငါးရာတို့သည် ရှင်သောဏ မထေရ်ထံ ရှင်ရဟန်းပြု၍ အသက်နှစ်ဆယ်ပြည့်သောအခါ ပဉ္စင်းခံ၍ ရဟန္တာ ဖြစ်၍ ပဋိသမ္ဘိဒါပတ္တသို့ ရောက်သည်။

ထိုအခါ မဟာသင်္ဂီတိကိုပြုသော ဝဇ္ဇီရဟန်းတို့သည် မူလ သင်္ဂါယနာကို ဖျက်၍ တစ်ပါးသော အခြင်းအရာဖြင့် သင်္ဂါယနာ တင်ဟန် ပြုလေသည်ကို အောက်မေ့၍ မထေရ်အပေါင်းတို့သည် “နောင်သောကာလ၌ သာသနာတော်၏ အန္တရာယ်ဘေးရန် ဆူးငြောင့်တို့သည် ဖြစ်လတ္တံ့လော” ဟု ကြည့်သည်ရှိသော် “ဤနှစ်မှသည် အနှစ်တစ်ရာ၏ အထက် ၁၈ နှစ်မြောက်၌ ပါဋလိပုတ်ပြည်ဝယ် ဓမ္မာသောကမင်းပြု၍ ဇမ္ဗူဒီပါ တစ်ကျွန်းလုံးကို အစိုးရသဖြင့် ဘုရားသခင်သာသနာတော်၌ သဒ္ဓါပသန္နအားကြီး၍ များစွာသော ပူဇော်သက္ကာရ ဖြစ်လတ္တံ့၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သူတို့မှာ နည်းလတ္တံ့၊ ထိုသို့သော အကြောင်းကြောင့် တိတ္ထိတို့သည် လာဘ်လာဘကို တောင့်တသည်ဖြစ်၍ သာသနာတော်၌ ရဟန်းပြု၍ မိမိတို့၏ တိတ္ထိအယူကိုပြကုန်လတ္တံ့.”၊ ဤသို့သော အကြောင်းကြောင့် သာသနာတော်၏ ဘေးရန်ကို မြင်ကုန်လျှင်–

“ဤသို့သာသနာတော်၏ ဘေးရန်တို့သည် ငါတို့မျက်

mgyoe.com

mgyoe.com


မှောက်ဖြစ်ကုန်အံ့လော၊ မဖြစ်ကုန်အံ့လော" ဟု ဆင်ခြင်ပြန်လျှင် ခပ်သိမ်းသော မထေရ်တို့သည် ယခုမျက်မှောက်၌ မဖြစ်လတ္တံ့သည်ကိုသိ၍ "အသူသည် ဤသို့သော သာသနာတော်၏ ဘေးရန်ကို ငြိမ်းခြင်းငှာ စွမ်းနိုင်သည် ဖြစ်လတ္တံ့နည်း" ဟု ဆင်ခြင်ပြန်လျှင် နတ်ပြည်၌ တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်၊ ဗြဟ္မာ့ပြည်မှ တိဿဗြဟ္မာကိုမြင်၍ ရဟန္တာအပေါင်းတို့ တက်၍တောင်းပန်လျှင် သည်းခံပြီးမှ ပြန်ခဲ့၍ –

ထိုအခါ သိဂ္ဂဝထေရ်၊ စဏ္ဍဝဇ္ဇီထေရ်၊ ဤနှစ်ပါးတို့သည် ပဥ္စင်းငယ်သာတည်း။ ထိုမထေရ်နှစ်ပါးတို့သည် ပဋိသမ္ဘိဒါပတ္တသို့ ရောက်သော ရဟန္တာ ဖြစ်ကုန်သည်။ "ငါ့ရှင်တို့ နှစ်ပါးသည် မောဂ္ဂလိပုတ္တေးမဝမ်း၌ ပဋိသန္ဓေစွဲယူနေသော တိဿလုလင်ကို စောင့်မ၍ ရဟန်းပြု" ဟု ဒဏ်ပေးသောအမှုဖြင့် ထားခဲ့ပြီးလျှင် သဗ္ဗကာမိထေရ် အစရှိကုန်သော ရဟန္တာမထေရ်တို့သည် သာသနာတော်ကို ထွန်းပအောင် ပြုတော်မူကြ၍ ပရိနိဗ္ဗာန်ပြုတော်မူကြကုန်သည်။

ကာဠာသောကမင်းကြီးလည်း ဒုတိယသင်္ဂါယနာ မတင်မီ ၁၈ နှစ်၊ ဒုတိယ သင်္ဂါယနာတင်ပြီးနောက် ၁၀၊ ပေါင်း ၂၈ နှစ်၊ သာသနာတော် ၁၁၈ နှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ် သားတော် ဘဒ္ဒသေနစသော မင်းသားညီနောင် တစ်ကျိပ်တို့သည် အလှည့်အလည် ၂၂ နှစ် မင်းပြုကြသည်တွင် စည်းစိမ် ၆ နှစ်၊ သာသနာတော် သက္ကရာဇ် ၁၄၀ ၌ သောဏမထေရ်သည် သိဂ္ဂဝမထေရ်ကို ဝိနယပါမောက္ခ၊ ဂဏပါမောက္ခ အရာထားခဲ့၍ သက်တော် ၆၆ နှစ်တွင် အနိစ္စရောက်သည်။

mgyoe.com

mgyoe.com


ဘဒ္ဒသေနစသော မင်းညီနောင်တစ်ကျိပ်တွင် အဆုံး ပဥ္စကမင်းကို သာသနာတော် ၁၄၀ ပြည့်တွင် ခိုးမှုးဓနု နန္ဒညီနောင်တို့ လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းနှစ်ကစ၍ ဓနုနန္ဒညီနောင် ၉ ယောက် အလှည့်အလည် မင်းပြု၍ စည်းစိမ် ၂၂ နှစ်၊ သာသနာတော် ၁၆၂ နှစ်တွင် အဆုံး ဓနုနန္ဒမင်းကို စန္ဒဂုတ်မင်း လုပ်ကြံ၍ အနိစ္စရောက်သည်။

၎င်းစန္ဒဂုတ်မင်းပြုသည့်နှစ် တိဿဗြဟ္မာသည် မောဂ္ဂလိပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေ စယူနေလေသည်။ သိဂ္ဂဝမထေရ်သည် တိဿဗြဟ္မာ ပဋိသန္ဓေစွဲယူနေသည့်နေ့မှစ၍ စောင့်မလေသော် စန္ဒဂုတ်မင်း စည်းစိမ် ၁၆ နှစ်ရှိသော ကာလ မောဂ္ဂလိပုတ္တတိဿ လုလင် ၁၆နှစ်တွင် ရဟန်းပြု၍ စဏ္ဍဝဇ္ဇီမထေရ်ထံ၌ ဝိနည်း ပိဋကတ်ကိုထား၍ အလုံးစုံသော ဘုရားစကားတော်ကို အဋ္ဌကထာ နှင့်တကွ သင်စေသည်။ အသက် ၂၀ ပြည့်၍ ပဥ္စင်းဖြစ်ပြန်သော ကာလ တစ်ဝါမပြည့်မီလျှင် ပိဋကတ်သုံးပုံကို တတ်လိမ္မာခြင်းသို့ ရောက်လေသည်။ သိဂ္ဂဝမထေရ်နှင့် စဏ္ဍဝဇ္ဇီကမထေရ် ဆရာ ဥပဇ္ဈာယ်နှစ်ပါးတို့သည် မောဂ္ဂလိပုတ္တတိဿထေရ်၏လက်၌ အလုံးစုံသော ဘုရားစကားတော်ကို တည်စေ၍ ဝိနယပါမောက္ခ၊ ဂဏပါ မောက္ခအရာထားခဲ့၏။ စန္ဒဂုတ်မင်းလက်ထက် သိဂ္ဂဝ မထေရ် သက်တော် ၇၆ နှစ် သာသနာတော် ၁၇၈ ခုနှစ်တွင် ပရိ နိဗ္ဗာန် ပြုတော်မူသည်။ မင်းစည်းစိမ် ၂၄၊ သာသနာတော် ၁၈၆ နှစ်တွင် အနိစ္စရောက်သည်။

၎င်းနှစ် သားတော် ဗိန္ဒုသာရမင်းပြု၍ စည်းစိမ် ၂၈ နှစ်၊ သာသနာတော် ၂၁၄ နှစ်တွင် အနိစ္စရောက်သည်။

mgyoe.com

mgyoe.com


ငှင်းနှစ် သားတော် ဓမ္မာသောကမင်း ဘိသိက်မခံဘဲ ၄ နှစ် နေ၍ သာသနာတော် ၂၁၈ နှစ်တွင်မှ ဘိသိက်ခံ၍ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အစိုးရသည်။

## ဓမ္မာသောကမင်း တိတ္ထိတို့ အမူအကျင့်ကို စုံစမ်းပုံ

ဓမ္မာသောကမင်းသည်လည်း ဘိသိက်မခံမီ လေးနှစ်၊ ဘိသိက် ခံပြီး ၃ နှစ်၊ ပေါင်း ၇ နှစ်တိုင်တိုင် အဘခမည်းတော် ဗိန္ဒုသာရ မင်းသည် ပုဏ္ဏားတို့အားလည်းကောင်း၊ ပုဏ္ဏားမျိုးဖြစ်သော ပါသဏ္ဍအယူရှိကုန်သော ပုဆိုးအဖြူဝတ်သော တက္ကဒွန်းရဟန်း၊ ရှင်ယောင်သင်္ကန်းဝတ်သော ပရိဗ္ဗာဇက အစရှိကုန်သော ခြောက် သောင်း အတိုင်းအရှည်ရှိကုန်သော သူတို့အားလည်းကောင်း ကျွေးမြဲဝတ်ကိုဖြစ်စေသကဲ့သို့ နန်းတော်တွင် ခြောက်သောင်း သော ပရိဗ္ဗာဇကတို့ကို အလှူပေးတော်သည်။ တစ်နေ့သ၌ ခြသေ့ ခံသော လေသာ နန်းတံခါး၌နေလျက် ကြည့်သည်ရှိသော် ငြိမ်သက် ခြင်းမှ ကင်းသောအကျင့်ဖြင့် စားသောက်ကုန်သော မစောင့်စည်း သော ဣန္ဒြေရှိကုန်သော ထိုပရိဗိုဇ်ရဟန်းအစ ရှိသည်တို့ကို စုံစမ်း ဆင်ခြင်၍ "သင့်သောအရာ၌ ပေးလှူခြင်း ငှာအပ်သည်" ဟု ကြံစည်၍ နေတော်မူသည်နှင့် တစ်နေ့သ၌ "အမတ်တို့... သူတော် ကောင်းဟု သမုတ်အပ်ကုန်သော ရဟန်း၊ ပုဏ္ဏားတို့ကို နန်းတော် တွင်းသို့ ပင့်ခေါ်ခဲ့၊ အလှူပေးကုန်အံ့" ဟု စေလွှတ်လိုက်သည် ရှိသော် ထိုအမတ်တို့လည်း ....

(၁) ပုဆိုးဖြူကိုသင်္ကန်းယောင်ဝတ်သော ပဏ္ဍာရင်္ဂတိတ္ထိ၊

mgyoe.com

mgyoe.com


(၂) ဦးခေါင်းပြည်းလျက် ရဟန်းယောင်သင်္ကန်းဝတ်သော ပရိဗ္ဗာဇက၊

(၃) ကိုယ်၌ အဝတ်မဝတ် အချည်းစည်းနေသော အာဇီဝက။

(၄) ငါတို့၌ ကိလေသာဟူသော တုပ်နှောင်ဖွဲ့ခြင်းကား မရှိပြီ၊ ရဟန္တာတည်းဟု ဝန်ခံလျက် တစ်ပါးသော အသွင်၊ အမူ အရာ ပရိက္ခရာကိုဆောင်သော နိဂဏ္ဌ၊

ဤသူအပေါင်းတို့အား ခေါ်ပင့်ခဲ့၍ "အရှင်မင်းကြီး... ဤရဟန်းတို့ကား အကျွန်ုပ်တို့၏ ဆရာရဟန္တာတို့ပင်တည်း" ဟု လျှောက်ကုန်သည်။

ဓမ္မာသောကမင်းကြီးလည်း နန်းတော်တွင်း၌ ကြီးကြီးငယ်ငယ်ကုန်သော သူတို့၏နေရာတို့ကို ခင်းပေး၍ နေစေသော် အချို့သော တိတ္ထိတို့ကား မိမိဂုဏ်အားလျော်စွာ မနေကြဘဲလျက် အချို့သော တိတ္ထိတို့ကား ယုတ်သောနေရာ, အချို့သော တိတ္ထိတို့ကား မြင့်သောနေရာ၊ ပျဉ်၊ ကြမ်း အစရှိသည်တို့၌ နေလျက် စောင့်စည်းအပ်သော ဣန္ဒြေမရှိလျှပ်ပေါ်လော်မာခြင်းနှင့် စားသောက်ခြင်းတို့ကို မြင်လတ်သော် "ဤသူတို့၏ ကိုယ်တွင်း၌ သီလစသော ကျေးဇူးအနှစ်သည် မရှိ" ဟု သိ၍ ထိုတိတ္ထိတို့အား လျော်စွာသော ခဲဖွယ်စားဖွယ်တို့ကိုပေး၍ လွှတ်လိုက်လေသည်။

mgyoe.com

mgyoe.com


## နိဂြောဓသာမဏေကို အမှီပြု၍ ဓမ္မာသောကမင်းကြီး သာသနာတော်ကို သက်ဝင်ယုံကြည်ပုံ

ဤသို့နည်းဖြင့် ပြု၍ ကာလလွန်လေသော် တစ်နေ့သ၌ လေသာနန်းတံခါး၌ ရပ်လျက်နေစဉ် ဓမ္မာသောကမင်းကြီး၏ နောင်တော် သုမနမင်း၏ သားတော်ဖြစ်သော ၇ နှစ် အရွယ်ရှိသော နိဂြောဓသတို့သားကို မဟာဝရုဏမထေရ် ရဟန္တာအရှင်ဘုရားသည် သုမနဒေဝီကို ခွင့်ပန်၍ ရဟန်းပြုလျှင် ဆံရိတ်သောအဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေသည်။ ထိုနိဂြောဓသာမဏေသည် တစ်နေ့သ၌ နံနက်စောစောကလျှင်ပင် ဆရာဥပဇ္ဈာယ်တို့အား ပြုရသော ဝတ်ကိုပြု၍ သပိတ်၊ သင်္ကန်းကိုယူ၍ အမိအိမ်သို့ သွားမည်ဟု တောင်တံခါးဖြင့်ဝင်၍ အရှေ့တံခါးကို ထွက်၍ ငြိမ်သက်သော ဣန္ဒြေဖြင့် ကြွလေသော် နန်းတော်ရှေ့သို့ရောက်လျှင် ဓမ္မာသောကမင်းကြီးသည် နိဂြောဓသာမဏေကို မြင်တည့်လျှင် ရှေးဘဝက ပျားကုန်သည် ညီအစ်ကို ဖြစ်ဖူးသည်နှင့် မြင်တည့်လျှင်ပင် ပြင်းစွာသော ကြည်ညိုခြင်းရှိသည်ဖြစ် ၍ ပင့်ခေါ်၍ နန်းတွင်းသို့ရောက်လျှင် မင်း၏လက်တော်၌ သပိတ်ကိုပေး၍ ရာဇပလ္လင်သို့ တက်၍ နေတော်မူသည်။

ဓမ္မာသောကမင်းကြီးသည်လည်း မိမိအလို့ငှာ စီရင်သော ယာဂု၊ ခဲဖွယ်တို့ကို လှူသဖြင့် မှုလောက်ရုံစားပြီးလျှင် ဘုဉ်းပေးပြီးသော အဆုံး၌ ဓမ္မာသောကမင်းကြီးအား လျောက်ပတ်သော ဓမ္မပဒကျမ်း၌ အပ္ပမာဒဝဂ်ကို အနုမောဒနာပြုအံ့သောငှာ ဟောလျှင် “အရှင်ဘုရား ... ကျွန်ုပ်သိနှင့်ပြီ”ဟု ဆို၍ တစ်နေ့ချင်း

mgyoe.com

mgyoe.com


ဆွမ်း ၈ ဝတ် ၄ ကြိမ် လှူလေသတည်း။

မဟာသောကမင်းကြီးသည် ဘိသိက်ခံပြီးသည်မှ သုံးနှစ်မြောက်သော သာသနာတော် ၂၂၁ နှစ်၌ ဘုရားသခင် သာသနာတော်မြတ်ကို နိဂြောဓသာမဏေကို တွေ့ကြုံသောနေ့မှ စ၍ ကြည်ညိုခြင်း များစွာ ဖြစ်သည်။ မိုးသောက်သောနေ့၌ သုံးကျိပ်နှစ်ပါးသော ရဟန်းတို့သည် နန်းတွင်းသို့ဝင်၍ ဆွမ်းဘုဉ်းပေးခြင်းကို ပြုတော်မူသည်။ "ဤသို့သော နည်းဖြင့် နေ့တိုင်း နေ့တိုင်း သံဃာတိုးပွား၍လည်း ကြွတော်မူပါ" ဟု ဖိတ်သောကြောင့် နေ့တိုင်း နေတိုင်း ရဟန်းသံဃာပွားစေလျက် ခြောက်သောင်း အတိုင်းအရှည် ရှိကုန်သော မိစ္ဆာဒိဋ္ဌိရဟန်း၊ ပုဏ္ဏားတို့အား ထမင်းဝတ်ကိုဖြတ်၍ ခြောက်သောင်း အတိုင်းအရှည်ရှိသော ရဟန်းတို့အား နိစ္စဘတ် ဆွမ်းကျွေးဝတ်ဖြစ်စေသည်။

## မဟာသောကမင်းကြီး ပစ္စယဒါယကာ ပြုပုံ

နိဂြောဓသာမဏေသည်လည်း ပရိသတ်နှင့်တကွသော မဟာသောကမင်းကြီးကို သရဏဂုံ၊ ပဉ္စသီလတို့၌ ကောင်းစွာဆောက်တည်စေသော် ဘုရားသခင် သာသနာတော်၌ ပုထုဇဉ်၏ ကြည်ညိုခြင်းဖြင့် မတုန်လှုပ်သော ကြည်ညိုခြင်းဖြစ်သည်နှင့် သာသနာတော် ၂၂၂ ခုတွင် တစ်ပြိုင်နက် တစ်ချက်တည်း ကောင်းမှုပြုအံ့သောငှာ ၉၆ ကုဋေသော ဥစ္စာရပ်ကို စွန့်၍ ရှင်ဣန္ဒဂုတ္တမထေရ်အား ဝန်ပြုစေသဖြင့် အသောကာရာမကျောင်းတော်နှင့် ရှစ်သောင်းလေးထောင်သော ကျောင်း၊ ရှစ်သောင်းလေးထောင်သော

mgyoe.com

mgyoe.com


စေတီပုထိုးများကို ရှစ်သောင်းလေးထောင်သော မြို့ပြတို့၌ လက်ခံကံကျွေးပေး၍ လ၊ နေသည် အသူရိန်နက္ခတ်သားနှင့် ထိခိုက်သည်တွင် တစ်ပြိုင်နက် တစ်ချက်တည်း တည်ထားစေသည်။

မပြီးမပြေနိုင်သော အမှုသစ်များကို ရှင်ဣန္ဒဂုတ္တမထေရ်တန်ခိုးဖြင့် ပြီးစေသဖြင့် သုံးနှစ်စေ့လျှင် သာသနာတော် ၂၂၄ နှစ်တွင် ပြီးပြေကြောင်းကို အမြို့မြို့သားတို့က တစ်ပြိုင်နက်လျှောက်ထားလာသည်။ ဓမ္မာသောကမင်းလည်း ဘိသိက်ခံ၍ ၆ နှစ် ရှိပြီ။ အသောကာရာမကျောင်းတော်မှစ၍ အရပ်ရပ်ကျောင်း၊ စေတီတို့ကို ၇ ရက် အနုမောဒနာပြုအံ့သောငှာလည်း ၉၆ ကုဋေသော ဥစ္စာတို့ကို စွန့်ပြန်၍ သဘင်ပွဲလမ်းခံတော်မူသည်။ မြို့တွင်းမြို့ပြင်နေကုန်သော သူတို့ကိုလည်း "ရှစ်ပါးသော သီလတို့ကိုဆောက်တည်စေ"ဟု စည်လည်၍ နှိုးဆော်စေသည်။

ဓမ္မာသောကမင်းကြီးလည်း အသိန်းမကသော စစ်အင်္ဂါလေးပါးခြံရံလျက် တာဝတိံသာ သိကြားမင်းကဲ့သို့ ထွက်စံနေတော်မူလျက် ကျောင်းတော်သို့ထွက်၍ ရဟန်းသံဃာတို့အလယ်၌နေတော်မူသည်။ ထိုအခါ စည်းဝေးကုန်သော ရဟန်းသံဃာတို့သည်ကား ရဟန်းယောကျ်ား ကုဋေ ၈၀၊ ရဟန်းမိန်းမ ၉ သန်း ၆ သိန်း ထိုအစည်းအဝေး၌ အာသဝေါကုန်ပြီးသော ရဟန္တာသံဃာတော် တစ်သိန်း အရေအတွက် ရှိကုန်သည်။

## ဓမ္မာသောကမင်း သာသနာ့အမွေခံယူပုံ

ထိုရဟန္တာအရှင်မြတ်တို့လည်း အကြံတော်ရှိသည်မှာ "ဤ

mgyoe.com

mgyoe.com

မင်းကြီးသည် မိမိ၏အလွန်ပြုသော ကောင်းမှုကို အကြွင်းမဲ့ မြင်ရမှုကား အလွန်လျှင် ဘုရားသခင်၌ ကြည်ညိုခြင်းသည်ဖြစ်ရာ၏" ဟု ကြံတော်မူသည်နှင့် တစ်ပြိုင်နက် လောကဝိဝရဏမည်သော အံ့ဖွယ်သော တန်ခိုးတို့ကိုပြ၍ အရပ်လေးမျက်နှာ၌ ကျောင်း၊ စေတီ၊ ပုထိုးတို့ကိုပြသော် ဓမ္မာသောကမင်းလည်း အသောကာရုံ ကျောင်း၌ ရပ်လျက်ပင် အရပ်လေးမျက်နှာ၌ရှိသော ရှစ်သောင်း လေးထောင်သော ကျောင်း၊ စေတီတို့ကို မြင်သဖြင့် လွန်စွာ ဝမ်းမြောက်ခြင်းရှိသဖြင့် ရဟန်းသံဃာတို့ကို မေးတော်မူသည်။ "အရှင်ဘုရားတို့ ... လူတို့၏ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား သခင်၏ သာသနာတော်၌ အဘယ်သူသည် များမြတ်သော ဥစ္စာကို စွန့်၍ ပူဇော်ဖူးသူရှိသနည်း။ အဘယ်သူ၏ စွန့်ခြင်းသည် ကြီးမြတ်သနည်း" ဟု မေးတော်မူလျှင် ရဟန်း သံဃာတော်တို့ လည်း မောဂ္ဂလိပုတ္တတိဿမထေရ်အား ဝန်ကိုပြုကြသည်။ ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်လည်း "မင်းကြီး ... ဘုရားသခင် သာသနာတော်၌ ပစ္စည်းဒါယကာမည်သည်ကား သင်မင်းကြီး နှင့်တူသော ပစ္စည်းဒါယကာသည် ဘုရားထင်ရှားရှိသောအခါ၌ လည်းကောင်း၊ ဘုရားထင်ရှားမရှိသော နောက်၌လည်းကောင်း တစ်စုံတစ်ယောက်မျှ မရှိဖြစ်သည်။ မင်းကြီး စွန့်ကြဲခြင်းသာလျှင် မြတ်သည်" ဟု ဖြေတော်မူသည်။

ဓမ္မာသောကမင်းကြီးလည်း မထေရ်အရှင်၏စကားကို ကြားလျှင် အလွန်ဝမ်းမြောက်ခြင်းဖြင့် "ငါနှင့်တူသော ပစ္စည်း ဒါယကာ သည် မရှိ၊ ငါ၏ စွန့်ကြဲခြင်းသည် ကြီးမြတ်သည်။ ယင်းသို့ဖြစ် သောကြောင့် သာသနာတော်၏ အမွေခံ အဆွေအမျိုး ဖြစ်ပါမည်

mgyoe.com

mgyoe.com


လော၊ မဖြစ်လော"ဟု မောဂ္ဂလိပုတ္တတိဿမထေရ်ကို မေးလျှောက်ပြန်သော် သားတော် မဟိန္ဒမင်းသား၏ ဥပနိဿယကို မြင်တော်မူ၍ ....

"ဒကာမင်းကြီး ... ဤမျှသော ဥစ္စာရပ်တို့ကို စွန့်ကြဲကာမျှဖြင့် သာသနာ့ဒါယကာ မဖြစ်ချေ။ ပစ္စယဒါယကာ ဥပဋ္ဌာကအရာသာ ဖြစ်ချေသည်။ ဒကာမင်းကြီး .... တစ်စုံတစ်ယောက်သော ကြွယ်ဝသောသူသည် လည်းကောင်း၊ ဆင်းရဲသောသူသည် လည်းကောင်း၊ မိမိရင်၌ဖြစ်သော သား၊ သမီးကို ရဟန်းပြုစေ၏။ ဤသို့သော သူကိုသာလျှင် သာသနာတော်၏ အမွေခံအဆွေအမျိုးဟူ၍ ဆိုအပ်ချေသည်"

ဟု မိန့်တော်မူလျှင် ဓမ္မာသောကမင်းကြီးလည်း သာသနာတော်၏ အမွေခံ အဆွေအမျိုးဖြစ်လို၍ သားတော် မဟိန္ဒ၊ သမီးတော် သံဃမိတ္တာတို့ကို တောင်းပန်လျှင် အခွင့်ရသဖြင့် မဟိန္ဒသတို့သားကို မောဂ္ဂလိပုတ္တတိဿထေရ် ဥပဇ္ဈာယ်ပြု၍ မဟာဒေဝထေရ် သာမဏေပြု၍ သရဏဂုံ၊ သီလပေး၍ မဇ္ဈန္တိကထေရ် ကမ္မဝါစာရွတ်၍ ပဉ္စင်းခံသည်။ ပဉ္စင်းခံသော သိမ်အပြင်၌ပင်လျှင် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သည်။

နှမတော် သံဃမိတ္တာမှာ ၁၈ နှစ်သာ ရှိသေးသည်ဖြစ်၍ ဓမ္မပါလိထေရီမ ဥပဇ္ဈာယ်ပြု၍ အာယုပါလိထေရီမ သရဏဂုံ၊ သီလပေး၍ ရဟန်းသာမဏေ ပြုသည်။ ဤမင်းသား၊ မင်းသမီးတို့ နှစ်ယောက်သည် ရဟန်းပြုသော ကာလ ဓမ္မာသောကမင်းသည် ဘိသိက်ခံ၍ ၆ နှစ်သာ၊ သာသနာတော် ၂၂၄ တွင် အသောကာ

mgyoe.com

ရာမ ကျောင်းတော် အနုမောဒနာပြုသည့်နေ့တွင် ရဟန်းပြုသည်။

## ဓမ္မာသောကမင်းကြီး နေ့စဉ်လှူဒါန်းပုံ

ဓမ္မာသောကမင်းကြီးလည်း ကိန္နရိငှက်မ၏ သားဖြစ်သော ကောန္တသတို့သားနှင့် သုမိတ္တသတို့သား ညီအစ်ကိုနှစ်ယောက်ကို မွေး၍ ကြီးလတ်သော် မဟာဝရုဏအမည်ရှိသော ရဟန္တာ အရှင်မြတ်၏အထံ၌ ရဟန်းပြု၍ ဆဋ္ဌာဘိညာပဋိသမ္ဘိဒါပတ္တသို့ ရောက်သည်နှင့် လေနာရှိ၍ ညီတော်သုမိတ္တထေရ်ဆွမ်းဝတ်ဖြင့် ထောပတ်တစ်လက်ဖက်မျှ မရနိုင်သောကြောင့် နောင်တော် ကောန္တပုတ္တတိဿမထေရ်သည် ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၈ နှစ်၊ သာသနာတော် ၂၂၇ နှစ်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။

ဓမ္မာသောကမင်းကြီးသည်လည်း "ထောပတ်တစ်လက်ဖက်မျှ မရနိုင်၍ ပရိနိဗ္ဗာန်ပြုလေသည်" ဟု ကြားသိတော်မူသောကြောင့် မြို့တံခါးလေးမျက်နှာတို့၌ ၄ သိန်း၊ တရားဆုံးဖြတ်သောသဘင်ကြီး၌ ၁ သိန်း၊ ဤ ၅ သိန်းသော ဥစ္စာတို့သည် နေ့တိုင်းနေ့တိုင်း ဖြစ်သည်။ ဤ ၅ သိန်းသော ဥစ္စာအခွန်အတုတ်တို့တွင်

(၁) နိဂြောဓသာမဏေအား နေ့တိုင်း တစ်သိန်းစွန့်သည်။

(၂) ဘုရားသခင်၏ စေတီ၌ ပန်း၊ နံ့သာအစရှိသည်တို့ဖြင့် နေ့တိုင်း ပူဇော်ခြင်းငှာ တစ်သိန်းစွန့်သည်။

(၃) တရားတော်မြတ်ကို ပူဇော်ရန် တစ်သိန်းစွန့်သည်။ ထိုတရားတော်အား စွန့်သောတစ်သိန်းကို တရားတော်ကိုဆောင်ရွက်ကုန်သော ဗဟုဿုတ ရဟန်းတို့

mgyoe.com

mgyoe.com


အား လေးပါးသော ပစ္စည်းအလို့ငှာ ဆောင်စေသည်။

(၄) သံဃာတော်အား တစ်သိန်း။

(၅) ဆေးအလို့ငှာ မြို့ ၄ မျက်နှာတို့၌ တစ်သိန်းစွန့်သည်။

ဤသို့ သာသနာတော်၌ များမြတ်သော လာဘသက္ကာရဖြစ်လေသည်။ ဓမ္မာသောကမင်းကြီးလည်း တစ်နေ့ ၃ ကြိမ် ပုဆိုးအဝတ်ကို လဲတော်မူသည်။ ထို့သို့ပင် လဲသော်လည်း နိဂြောဓမထေရ်အား နံနက် သင်္ကန်းသုံးထည်နှင့် နံ့သာအတင်း ငါးရာ၊ ပန်းတောင်း ငါးရာနှင့်တကွ ကပ်လှူသည်။ နေ့လည်း ဤနည်းတူစွာ ကပ်လှူသည်။ ဤသို့ ကပ်လှူပြီးမှ လဲတော်မူသည်။ နိဂြောဓမထေရ်လည်း တစ်နေ့ သုံးကြိမ်အဝတ်ကိုလဲ၍ ဝတ်ရသည်။ ထိုအခါ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် ရဟန်းအပေါင်းတို့အား နိဂြောဓမထေရ် သင်္ကန်းသာ ဖြစ်သည်။

## တိတ္ထိတို့ကြောင့် သာသနာအရေးအခင်းပေါ်ပုံ

တိတ္ထိတို့မှာ ယုတ်သောလာဘ်ပူဇော်သက္ကာရ ရှိကုန်သည်ဖြစ်၍ အယုတ်သဖြင့် စားရုံ၊ ဝတ်ရုံမျှ မရကုန်သည်ဖြစ်၍ လာဘ်ပူဇော်သက္ကာ အထူးကို တောင့်တကုန်လျက် သာသနာတော်၌ ရဟန်းပြု၍ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြကုန်သည်။ အချို့သော တိတ္ထိတို့ကား မိမိတို့အလိုလိုပင် ဦးခေါင်းရိတ်၍ ဖန်ရည်စွမ်းသော အဝတ်ကို ဖုံးလွှမ်းလျက် ရဟန်းကောင်းတို့နှင့် အတူတကွ တိုးဝှေ့၍ ဥပုသ်၊ ပဝါရဏာ ပြုကြကုန်သည်။

ထိုအခါ ရှင်မဟိန္ဒမထေရ်သည် ပဥ္စင်းခံ၍ ရဟန္တာဖြစ်လျှင်

mgyoe.com

mgyoe.com


ပိဋကတ်သုံးပုံကို သုံးနှစ်သင်၍ တတ်မြောက်သဖြင့် ဥပဇ္ဈာယ်ဖြစ်သော မောဂ္ဂလိပုတ္တတိဿမထေရ်၏ တပည့်တစ်ထောင်မျှ လောက်ကုန်သော ရဟန်းတို့၏ အကြီးအရာထားသည်။ ယင်းသောအခါ ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၉ နှစ်၊ သာသနာတော် ၂၂၈ နှစ်ရှိသည်။ ရှိပြီးသည့်နောက် "အသောကာရာမကျောင်းတော်၌ ရဟန်းသံဃာအပေါင်းတို့သည် ထိုမိစ္ဆာဒိဋ္ဌိ ရဟန်းယောင်တို့နှင့် ဥပုသ်၊ ပဝါရဏာမပြုဘဲ ၇ နှစ်၊ သာသနာတော်လည်း ၂၃၅ ခုတိုင်ရှိသော ထိုအခြင်းအရာကြောင့် ဤသာသနာတော်၏ ဘေးရန်ဆူးငြောင့်တို့ကို ငြိမ်းစိမ့်သောငှာ သံဃာ့အလယ်၌ နေ၍ မတတ်နိုင်" ဟု အောက်မေ့တော်မူ၍ ဆယ်ဝါရပြီးသော မဟိန္ဒထေရ်အား ဂိုဏ်းကို ဆောင်နှင်းခဲ့၍ ချမ်းသာစွာနေလိုသဖြင့် အဟောဂင်္ဂါမည်သောကျောင်းသို့ ကြွတော်မူလေသည်။

ဓမ္မာသောကမင်းကြီးလည်း အသောကာရုံကျောင်း၌ ၇ နှစ်တိုင်တိုင် ရဟန်းသံဃာတို့ ဥပုသ်၊ ပဝါရဏာ မပြု၊ ပြတ်ပြုသော အကြောင်းကို ကြားသိတော်မူ၍ အမတ်တစ်ယောက်ကို "ကျောင်းသို့သွား၍ အဓိကရုဏ်းကို ငြိမ်းစေ၍ ဥပုသ်ကို ပြုစေလော့၊" ဟု စေလိုက်သည်ရှိသော် ထိုအမတ်လည်း ကျောင်းသို့သွား၍ ရောက်လျှင် "အရှင်ဘုရားတို့ ... သံဃာတော်အပေါင်းတို့သည် အညီအညွတ် ဥပုသ်ပြုကြကုန်" ဟုဆိုသော် သံဃာတော်အပေါင်းတို့လည်း "မိစ္ဆာဒိဋ္ဌိ အယူရှိသောသူတို့နှင့် ဥပုသ်ကို ငါတို့ မပြုကုန်" ဟု ဆိုလျှင် ထိုအမတ်လည်း မဆင်မခြင် သီတင်းကြီးနေရာမှစ၍ သံလျက်ဖြင့် ဦးခေါင်းကို ချအံ့သောငှာ အားထုတ်၍ မင်းကြီး၏ ညီတော် တိဿထေရ်အထံသို့ ရောက်သောအခါ

mgyoe.com

mgyoe.com


အမတ်မသတ်ဝံ့ပြန်၍ လျှောက်ရာတွင်မှ မင်းကြီး ပြင်းစွာ ထိတ်လန့်ခြင်းရှိသဖြင့် ...

"ဟယ် အမတ် ... ငါသည် သင့်ကို ရဟန်းသံဃာတို့ကို သတ်စိမ့်သောငှာ မစေ၊ အဓိကရုဏ်း ငြိမ်းစိမ့်သောငှာသာ စေသည်။ အသို့မူ၍ ပြုဘိသနည်း"ဟု မိန့်တော်မူပြီးသော် ဓမ္မာသောကမင်းကြီးလည်း ကိုယ်တော်၌ မကောင်းမှုရှိအံ့သည်မှ ကြောက်ပြန်သောကြောင့် ရဟန်းသံဃာ အပေါင်းတို့ကို မေးလျှောက်ပါငြားသော်လည်း နှလုံးငြိမ်ဝပ်အောင် မရှိသဖြင့် "အရှင်ဘုရားတို့ ... အကျွန်ုပ်၏ နှလုံးနှစ်ခွကို ဖျောက်၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ စွမ်းနိုင်သည့်သူ ရှိပါမည်လော" ဟု လျှောက်သော် "မင်းကြီး ... မောဂ္ဂလိပုတ္တတိဿထေရ်သည် ရှင်မင်းကြီး၏ စိတ်နှစ်ခွကို ဖြတ်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်၏"ဟု ဆိုသဖြင့် ထိုနေ့၌ပင်စေ၍ အကြိမ်ကြိမ် အမတ်တို့ကို စေလွှတ်၍ မင်းက ခေါ်သည်ဆိုလေသောကြောင့် မလာသည်နှင့် နောက်ဆုံးတစ်ကြိမ်တွင်မှ "အရှင်ဘုရား ... သာသနာတော်သည် ဆုတ်နစ်ခဲ့ပြီ၊ သာသနာတော်ကို ချီးမြှင့်အံ့သောငှာ အကျွန်ုပ်၏ အပေါင်းအဖော်သဟဲ ဖြစ်ပါကုန်လော့"ဟု လျှောက်ရာတွင် လာမည်ဝန်ခံလိုက်သဖြင့် ဓမ္မာသောက မင်းကြီးကို အကြောင်းပြန်လျှင် ဓမ္မာသောကမင်းက တုံသော်လည်း အမတ်တို့ကိုလည်းကောင်း မေး၏။ ရဟန်းတို့ကို လည်းကောင်း မေး၏။ "အရှင်ဘုရားတို့ .... မောဂ္ဂလိပုတ္တတိဿထေရ်ကားကြီးပြီလော၊ ငယ်သေးသလော" ဟု မေးသည်။ "မင်းကြီးကား မောဂ္ဂလိပုတ္တတိဿထေရ်ကို မြင်ဖူးလေပြီ၊ မမှတ်မိ၍သာ ရှိသည်တကား၊

mgyoe.com

mgyoe.com


မင်းကြီး .... မောဂ္ဂလိပုတ္တတိဿထေရ်သည် သက်တော် ၇၂ နှစ်ရှိပြီ"ဟု ကြားလျှင် မင်းကြီးလည်း ဆန်းကြယ်စွာသော လှေဖောင်လုပ်၍ ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၁၆ နှစ်၊ သာသနာတော် ၂၃၅ နှစ်တွင်ပင့်၍ ကိုးကွယ်တော်မူလိုသဖြင့် ရောက်လျှင် မင်း၏ ဥယျာဉ်တော်သို့ဆောင်၍ ဥယျာဉ်တော်ပြင်မှ သုံးထပ်အစောင့် အရှောက်ခြံရံစေလျက် သီတင်းသုံးနေရသည်။

## ဓမ္မာသောကမင်း သာသနာကို စင်ကြယ်စေပုံ

ဓမ္မာသောကမင်းကြီးလည်း "မထေရ်၏ အထံ၌နေ၍ ဤမထေရ်သည် ငါ၏ ယုံမှားခြင်းကို ဖြတ်၍ ဖြစ်သော အဓိကရဏ်းကို ငြိမ်းစေ၍ သာသနာတော်ကို ချီးမြှင့်အံ့သောငှာ တတ်နိုင်အံ့လော" ဟု စုံစမ်းလိုသောငှာ "အရှင်ဘုရား ... အကျွန်ုပ်သည် တစ်ခုသော တန်ခိုးကို မြင်လိုပါသည်" ဟု တောင်းပန်လျှင် ဓမ္မာသောကမင်းကြီးအား ရေဖြင့်ပြည့်သော ကြေးခွက်၌ အလုံးစုံသော ရေကို မလှုပ်စေဘဲ တစ်စိတ်သော ရေကို တန်ခိုးတော်ဖြင့် လှုပ်စေသည်။ ကြွင်းသော ရေမလှုပ်ရှားသော အံ့ဖွယ်ကို မြင်၍ ယခု ဤမထေရ်သည် သာသနာတော် ချီးမြှင့်အံ့သောငှာ စွမ်းနိုင်လတ္တံ့သည်။ မိမိကုက္ကုစ္စကို မေးလျှောက်သည်ရှိသော် မောဂ္ဂလိပုတ္တတိဿမထေရ်သည်လည်း တိတ္တိရဇာတ်ကို ပြ၍ ကုက္ကုစ္စကို ငြိမ်းစေပြီးလျှင် ထိုမင်း၏ ဥယျာဉ်၌ပင် ၇ ရက်ပတ်လုံးနေလျက် ဓမ္မာသောကမင်းကြီးကို ဘုရားအယူတော်ကို သင်စေ၍ သိမြင်လျှင် ၇ ရက်မြောက်သောနေ့၌ ရဟန်းသံဃာအပေါင်းတို့ကို စည်းဝေး

mgyoe.com

mgyoe.com


စေ၍ တင်းတိမ်ထက်ဝန်းကျင်ရံ၍ တင်းတိမ်တွင်း၌ နေစေလျက် အယူတူ အယူတူရှိကုန်သော ရဟန်းတို့ကို တစ်ပေါင်းတစ်စုတည်း ပြု၍ ထားပြီးမှ တစ်စုစီထုတ်၍ "အရှင်ဘုရားတို့ ... ဘုရားသခင်သည် အဘယ်အယူရှိသနည်း" ဟု မေးတော်မူသည်။ အသီးအသီး အယူရှိကုန်သော တိတ္ထိတို့က ...

"သဿတအယူ၊
ဧကစ္စသဿတ အယူ၊
အန္တာနန္တိက အယူ၊
အမရာဝိက္ခေပအယူ၊
အဓိစ္စသမုပ္ပန္နအယူ၊
သညီဝါဒိက အယူ ...

အစရှိကုန်သော အယူတို့ကို ဘုရားသခင်ယူစေတော်မူသည်" ဟု ဆိုသမျှကို ဓမ္မာသောကမင်းလည်း မြတ်စွာဘုရား၏ အယူကို သိပြီးဖြစ်သောကြောင့် ဘုရားသခင် အယူတော်နှင့် ကွဲလွဲသမျှ ခြောက်သောင်းသော တိတ္ထိတို့ကို ပုဆိုးဖြူကို ပေး၍ လူပြုစေသည်။

## မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် ဓမ္မာသောကမင်းတို့ တတိယသင်္ဂါယနာတင်၍ သာသနာပြုပုံ

တစ်ဖန် တစ်စုသော ရဟန်းတို့ကို ထုတ်၍ "အရှင်ဘုရားတို့ ... ဘုရားသခင်သည် အဘယ်အယူရှိတော်မူသနည်း"ဟု မေး

mgyoe.com

mgyoe.com



တော်မူသည်။ "မင်းကြီး ... ဘုရားသခင်သည် ဝိဘဇ္ဇဝါဒီ= ခွဲခြမ်းသော အယူရှိတော်မူသည်" ဟု ဆိုသော် ဓမ္မာသောကမင်းကြီးသည် မောဂ္ဂလိပုတ္တတိဿထေရ်ကို "အရှင်ဘုရား ... ဘုရားသခင်သည် ဝိဘဇ္ဇဝါဒီ= ခွဲခြမ်းသော အယူရှိတော်မူသလော" ဟု မေးသော် "ဒကာမင်းကြီး ... ဟုတ်၏" ဟု ဆိုသော် "အရှင်ဘုရားတို့ ... ယခုသာသနာတော်စင်ကြယ်ပြီ၊ ရဟန်းသံဃာသည် ဥပုသ်ကို ပြုကုန်လော့" ဟု ဆို၍ အစောင့်အရှောက်ထားခဲ့ပြီးလျှင် နန်းတော်သို့ ဝင်တော်မူသည်။ ထိုသံဃာအစည်းအဝေး၌ ခြောက်သန်းသော သံဃာအရေအတွက် ရှိကုန်သည်။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း ခြောက်သန်းအရေအတွက် ရှိကုန်သော ရဟန်းသံဃာတို့တွင် ဆဠဘိညာ ပဋိသမ္ဘိဒါပတ္တသို့ ရောက်ကုန်သော ပိဋကတ်သုံးပုံ ပရိယတ္တိကို ဆောင်ကုန်သော ရဟန္တာတစ်ထောင်ကို ရွေးကောက်၍ အရှင်မဟာကဿပမထေရ် ပထမသင်္ဂါယနာ၊ အရှင်ယသမထေရ် ဒုတိယသင်္ဂါယနာတင်သကဲ့သို့ ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၁၇ နှစ်၊ သာသနာတော် ၂၃၄ နှစ်၊ တပို့တွဲလပြည့်နေ့ကစ၍ အသောကာရုံကျောင်း၌ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတည်းဟူသော ပရိယတ္တိကို ၉ လပတ်လုံး တစ်နေ့မလပ် သင်္ဂါယနာတင်၍ အညီအညွတ် ရွတ်ဖတ်သရဇ္ဈာယ်ပြန်ကြကုန်သည်။ သီတင်းကျွတ်လပြည့်နေ့မှာ တတိယသင်္ဂါယနာ ပြီးသည်။

ဤသို့လျှင် ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ္တိကို ပထမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊တတိယသင်္ဂါယနာ တင်တော်မူကြကုန်သော အရှင်မြတ်တို့၏ အနွယ်အဆက် အာစရိယပရံပရ

mgyoe.com

mgyoe.com


တို့သည်ကား ...

ဥပါလိ ဒါသကောစေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော ။ ။
ပရံပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိဇ္ဇမာနံ အာနေသုံ၊ တတိယော ယာဝ သင်္ဂဟော ။ ။

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဥပါလိထေရ်၊ ဒါသက ထေရ်၊ သောဏထေရ်၊ သိဂ္ဂဝထေရ်၊ မောဂ္ဂလိပုတ္တတိဿထေရ် ဤငါးပါးသောရဟန္တာထေရ်မြတ်တို့သည် ဇမ္ဗူ့သပြေပင် အမည်ရှိသော ဇမ္ဗူဒိပ်ကျွန်း၌ အဆက်ဆက်ဖြင့် တတိယသင်္ဂါယနာ တင်သည်တိုင်အောင် မပြတ်စေမူ၍ ဝိနည်းကို ဆောင်ကုန်သည်။

ထိုမထေရ်ငါးပါးတို့တွင် ဥပါလိမထေရ်သည် ဤဝိနည်း၏ အနွယ်၊ ဝိနည်း၏ အစဉ်၊ ဝိနည်း၏ အဆက်ကို ဘုရားသခင် မျက်မှောက်အထံတော်မှ သင်၍ များစွာကုန်သော ရဟန်းတို့၏ နှလုံး၌ တည်စေသည်။ ရှင်ဥပါလိမထေရ်၏ အထံတော်၌ ဝိနည်း အနွယ်ကို သင်ကြား၍ သိကြားလိမ္မာသော အဖြစ်သို့ရောက်ကုန် သောသူတို့တွင် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့သည်ကား မရေမတွက်နိုင်၊ အာသဝေါတရားကုန်ပြီး သော ရဟန္တာကား တစ်ထောင်ဖြစ်သည်။ ထိုရဟန္တာတစ်ထောင် တို့တွင် ဒါသကမထေရ်သည် ဥပါလိမထေရ်၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သည်။ ဝိနယပါမောက္ခအရာထားခဲ့၍ ပရိနိဗ္ဗာန် ပြု သည်။

မောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း ဥပဇ္ဈာယ် သိဂ္ဂဝထေရ်

mgyoe.com

mgyoe.com


အထံတော်မျက်မှောက် ဝိနည်းကိုသင်၍ နောက်တပည့်သားတို့အား ပို့သသင်ကြားသဖြင့် ဝိနည်း၌ သိကြားလိမ္မာခြင်းသို့ ရောက်ကုန်သော ပုဏ္ဏဇဉ်၊ သောဘာပန်၊ သကဒါဂါမိ၊ အနာဂါမိ ပုဂ္ဂိုလ်တို့သည်ကား မရေမတွက်နိုင်။ အာသဝေါတရား ကင်းစင်ကုန်ပြီးသော မဟိန္ဒထေရ် အစရှိကုန်သော ရဟန္တာမထေရ်တို့သည်လည်း မရေမတွက်နိုင် များစွာဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းမှ သီဟိုဠ်ကျွန်းသို့ မဟိန္ဒထေရ် အစရှိကုန်သော အဆက်ဆက်သော ဆရာတို့သည် ပရိယတ်ကိုဆောင်၍ သာသနာတော် ထွန်းလင်းအောင် သင်ကြားရွက်ဆောင်ကုန်သည်။

## ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ပုံ

မောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း ဤ တတိယသင်္ဂါယနာကို တင်ပြီး၍ ဤသို့ ကြံပြန်၏။ "နောင်အခါ အဘယ်အရပ်၌ သာသနာတော်သည် ကောင်းစွာတည်သည် ဖြစ်လတ္တံ့နည်း" ဟု ဆင်ခြင်တော်မူပြန်လျှင် ပစ္စန္တရစ်ဇနပုဒ်၌ ကောင်းစွာတည်လတ္တံ့သည်ကို မြင်တော်မူသောကြောင့် ထိုထိုသို့သော ရဟန်းတို့၏ ဝန်ကိုပြု၍ ထိုထိုသော အရှင်တို့ကို ထိုထိုသော အရပ်တို့သို့ စေတော်မူသည်ကား တတိယ သင်္ဂါယနာတင်ပြီးသည့်နောက် သာသနာတော် ၂၃၅ နှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ...

(၁) မဇ္ဈန္တိကထေရ်ကို ကသ္မီရဂန္ဓာရတိုင်း၊
(၂) မဟာရေဝတထေရ်ကို မဟိံသကတိုင်း၊
(၃) ရက္ခိတထေရ်ကို ဝနဝါသီအရပ်၊

mgyoe.com

mgyoe.com



(၄) ယောနက ဓမ္မရက္ခိတထေရ်ကို အပရန္တတိုင်း၊
(၅) မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌတိုင်း၊
(၆) မဟာရက္ခိတထေရ်ကို ယောနကမည်သောပြည်၊
(၇) မဇ္ဈိမထေရ်ကို ဟိမဝန္တာအရပ်၊
(၈) သောဏထေရ်၊ ဥတ္တရထေရ်ကို သုဝဏ္ဏဘုမ္မိသထုံပြည်၊
(၉) အတူနေတပည့်ဖြစ်သော မဟိန္ဒထေရ်နှင့်တကွ ဣဋ္ဌိယထေရ်၊ ဥတ္တိယထေရ်၊ သမ္ဗလထေရ်၊ ဘဒ္ဒသာလထေရ်ကို သီဟိုဠ်ကျွန်း၊

ဤသို့ ရေတွက်အပ်ကုန်ပြီးသော အလုံးစုံသော မထေရ်တို့သည် မိမိလျှင် ငါးယောက်မြောက်၊ ငါးပါးအစုရှိသော ဂိုဏ်းပြည့်ဇနပုဒ်တို့၌ ဥပသမ္ပဒကံ လျောက်ပတ်သည်ဖြစ်၍ ထိုထိုသို့သော အရပ်တို့သို့ သာသနာပြု စေလွှတ်တော်မူသည်။

## ကသ္မီရဂန္ဓာရဋ္ဌ သာသနာပြုပုံ

ထိုသို့ စေလွှတ်တော်မူသော မထေရ်တို့တွင် ထိုအခါ ကသ္မီရဂန္ဓာရတိုင်း၌ ကောက်မှည့်သောအချိန်တွင် အရဝါဠနဂါးမင်းသည် ကြီးစွာသောမိုးကို ရွာစေသဖြင့် ကောက်ပဲတို့သည် ပျက်စီး၍ သမုဒ္ဒရာသို့ မျောစေသည်အခိုက် အဇ္ဈန္တိကထေရ်သည် ပါဋလိပုတ်ပြည်မှ ကောင်းကင်သို့ ပျံတက်၍ ဟိမဝန္တာ၌ အရဝါဠနဂါးမင်းအား နှိမ်နင်းဆုံးမလျှင် ယဉ်ကျေးသဖြင့် ရှစ်သောင်းလေးထောင်သော နဂါးတို့နှင့်တကွ အရဝါဠနဂါးမင်း သရဏဂုံ၊ ပဥ္စသီလတို့၌ တည်လေသည်။

mgyoe.com

mgyoe.com


ဟိမဝန္တာ၌ နေကုန်သော ယက္ခနတ်၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်နတ် အပေါင်းတို့သည်လည်း သရဏဂုံ၊ ပဉ္စသီ၌ တည်လေသည်။ ပဉ္စက အမည်ရှိသော ဘီလူးသည်လည်း မယားဖြစ်သော ယက္ခိနီနှင့် လည်းကောင်း၊ ပဉ္စက ဘီလူးသားငါးရာတို့နှင့် လည်းကောင်း၊ သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထိုအခါ ကသ္မီရဂန္ဓာရတိုင်း သားတို့သည် လာကုန်၍ မထေရ်ကို ဖူးမြင်ကုန်သည်။ မဇ္ဈန္တိက မထေရ်သည်လည်း ဖူးမြင်လာသော လူအပေါင်းတို့အား အာသီဝိ သောပမသုတ်ကို ဟောတော်မူသည်။ ဤသုတ်ကို ဟောတော်မူ သော အဆုံး၌ ရှစ်သောင်းသော ပရိသတ်တို့ ဓမ္မာဘိသမယ ဖြစ် သည်။ တစ်သိန်းသော အမျိုးတို့လည်း ရဟန်းပြုကြကုန်၍ သင်္ကန်း ရောင်ဖြင့် တောက်ပကုန်သည်။

## မဟိံသကတိုင်း၌ သာသနာပြုပုံ

မဟာရေဝတထေရ်သည် မဟိံသကတိုင်းသို့သွား၍ ဒေဝ ဒူတသုတ်ကို ဟောတော်မူသည်။ ဤသုတ်ကို ဟောသောအဆုံး၌ လေးသောင်းသော သတ္တဝါတို့သည် အောက်မဂ်သုံးပါးကို ရကုန် လျက် ရဟန်းပြုကြကုန်သည်။

## ဝနဝါသီတိုင်း၌ သာသနာပြုပုံ

ရက္ခိတထေရ်သည်လည်း ဝနဝါသီတိုင်းသို့သွား၍ အနမ တဂ္ဂသုတ်ကို ဟောတော်မူသည်။ ဤသုတ်ကို ဟောတော်မူသော

mgyoe.com

mgyoe.com


အဆုံး၌ ခြောက်သောင်းသော သတ္တဝါတို့အား ဓမ္မာဘိသမယ ဖြစ်ကြကုန်သည်။ ခုနစ်သောင်းသော လူအပေါင်းတို့သည် ရဟန်းပြုကြကုန်သည်။ သက်န်းရောင်ဖြင့် တောက်ပကုန်သည်။

## အပရန္တတိုင်း၌ သာသနာပြုပုံ

ယောနကမဟာဓမ္မရက္ခိတ မထေရ်သည်လည်း အပရန္တတိုင်းသို့ သွား၍ အဂ္ဂိက္ခန္ဓောပမသုတ်ကို ဟောတော်မူသည်။ ဤသုတ်ကို ဟောသောအဆုံး၌ ခုနစ်သောင်းသော သတ္တဝါတို့သည် တရားတည်းဟူသော အမြိုက်ကို သောက်ရသည်။ မင်းမျိုးမှထွက်၍ တစ်ထောင်မျှလောက်သော သူတို့သည် ရဟန်းပြုကြကုန်သည်။ ခြောက်ထောင်သော မိန်းမတို့သည်လည်း ရဟန်းပြုကြကုန်သည်။

## မဟာရဋ္ဌတိုင်း၌ သာသနာပြုပုံ

မဟာဓမ္မရက္ခိတမထေရ်သည်လည်း မဟာရဋ္ဌတိုင်းသို့ ကြွ၍ မဟာနာရဒကဿပဇာတ်ကို ဟောတော်မူသည်။ ဤဇာတ်ကို ဟောသောအဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် မဂ်၊ ဖိုလ်တို့၌ တည်လေသည်။ တစ်သောင်းသုံးထောင်သော သတ္တဝါတို့သည် ရဟန်းပြုကြကုန်သည်။

mgyoe.com

mgyoe.com


## ယောနကရဋ္ဌတိုင်း၌ သာသနာပြုပုံ

မဟာရက္ခိတမထေရ်သည် ယောနကရဋ္ဌ ပန်းသေးပြည်သို့ သွား၍ ကာဠကာရာမသုတ်ကို ဟောတော်မူသည်။ ဤသုတ်ကို ဟောသောအဆုံး၌ တစ်သိန်းခုနစ်သောင်းသော သတ္တဝါတို့သည် မဂ်၊ ဖိုလ်ကို ရကြကုန်သည်။ တစ်သောင်းသော သတ္တဝါတို့သည် ရဟန်းပြုကြကုန်သည်။

## ဟိမဝန္တာအရပ်၌ သာသနာပြုပုံ

မဇ္ဈိမမထေရ်သည်ကား ကဿပဂေါတ္တမထေရ်၊ အဠကဒေဝမထေရ်၊ ဒုန္ဒုဘိယမထေရ်၊ မဟာဒေဝမထေရ် ဤမထေရ်လေးပါးတို့နှင့်တကွ ဟိမဝန္တာအရပ်သို့ သွား၍ ဓမ္မစကြာသုတ်ကို ဟောတော်မူသည်။ ဤသုတ်ကို ဟောသောအဆုံး၌ ကုဋေ ၈၀ သော သတ္တဝါတို့ မဂ်၊ ဖိုလ်ကို ရကြကုန်သည်။ ထိုငါးပါးသော မထေရ်တို့၏အထံ၌ အသီးအသီး တစ်သိန်းမျှလောက်သော ဟိမဝန္တာအရပ်သားတို့ ရဟန်းပြုကြကုန်သည်။

## သုဝဏ္ဏဘုမ္မိ၌ သာသနာပြုပုံ

သောဏထေရ်၊ ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘုမ္မိသထုံပြည်သို့ သွား၍ ရက္ခိုသ်ဘီလူးတို့ကို နှိမ်နင်းပြီးလျှင် ဗြဟ္မဇာလသုတ်ကို ဟောတော်မူသည်။ ဤသုတ်ကို ဟောတော်မူသော အဆုံး၌

mgyoe.com

mgyoe.com



ခြောက်သောင်းသော သတ္တဝါတို့သည် ဓမ္မာဘိသမယ ဖြစ်ကုန်သည်။ သုံးထောင့်ငါးရာသော အမျိုးသား၊ နှစ်ထောင့်ငါးရာသော အမျိုးသမီးတို့ ရဟန်းပြုကြကုန်သည်။ ဤသို့ အသီးအသီး သာသနာပြု၍ သာသနာတော် စည်ထွန်းသည့်နောက် ဓမ္မာသောကမင်း ဘိသိက်ခံ၍ ၂၅ နှစ်၊ သာသနာတော် ၂၄၄ နှစ်တွင် ရှင်မောဂ္ဂလိပုတ္တတိဿထေရ် သက်တော် ၈၀ ပြည့်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။

အသန္ဓိမိတ္တာမိဖုရားသည် သာသနာတော် ၂၄၈ နှစ်တွင် အနိစ္စရောက်သည်။ နောက်လေးနှစ် သာသနာတော် ၂၅၂ ခုနှစ်တွင် တိဿရက္ခသတို့သမီးကို မိဖုရားကြီးအရာထားသည်။ မိဖုရားကြီးအရာထားသည့် နောက်သုံးနှစ်၊ သာသနာတော် ၂၅၅ နှစ်တွင် ဓမ္မာသောကမင်း သာသနာတော်မြတ်ကို လွန်စွာစောင့်ရှောက်လျက် စည်းစိမ် ၃၂ နှစ် အနိစ္စရောက်လေသည်။

## မြတ်စွာဘုရား သီဟိုဠ်သို့ ကြွ၍ ခြေတော်ရာချခဲ့ပုံ

ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်၏ သဒ္ဓိဝိဟာရိကတပည့်တို့ကို အသီးအသီး သာသနာတော် ၂၃၅ နှစ်၌ စေလွှတ်တော်မူသည်တွင် သီဟိုဠ်ကျွန်းသို့ ရှင်မဟိန္ဒထေရ်ကို သဒ္ဓိဝိဟာရိက တပည့်များနှင့် စေတော်မူခြင်းသည်ကား ဘုရားသခင် ထင်ရှားရှိစဉ်ကပင် ဘုရားအဖြစ်သို့ရောက်၍ ၉ လမြောက် ဘီလူးတို့နေရာ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ အလျား သုံးယူဇနာရှိသော စစ်မြေအရပ် မဟာနာဂဝန်ဥယျာဉ်၌ ဘီလူးတို့၏ အစည်းအဝေး

mgyoe.com

mgyoe.com

တွင် နှိမ်နင်းတော်မူ၍ တရားဟောတော်မူလျှင် အကုဋေမကသော သတ္တဝါတို့ အကျွတ်တရားကို ရလေသည်။

သုမနကူဋ္ဌတောင်၌နေသော သောတာပန်အဖြစ်သို့ ရောက်ပြီးသော မဟာသုမန နတ်မင်းသည် အစဉ်ကိုးကွယ်လို၍ တောင်းပန်ရာတွင် ဦးခေါင်းတော်ကို သုံးသပ်၍ တစ်ဆုပ်မျှသော ဆံကို ပေးအပ်ခဲ့၍ ဇမ္ဗူဒိပ်ကျွန်းသို့ လာတော်မူသည်။

နှစ်ကြိမ်မြောက် ဘုရားဖြစ်၍ ငါးနှစ်မြောက် သီဟိုဠ်ကျွန်း၌ စူဠောဒရ နဂါး၊ မဟောဒရ နဂါး တူ၊ ဦးရီးတို့သည် ပတ္တမြားပလ္လင်ကို အမှီပြု၍ စစ်ကြီးဖြစ်ကြသောအခါ ထိုနဂါးတို့ ပျက်စီးလတ္တံ့သည်ကို မြင်တော်မူသောကြောင့် တန်ခူးလကွယ် ဥပုသ်နေ့ နံနက် သမိဒ္ဓိနတ်သားသည် လင်းလွန်းပင်ကို ထီးပြု၍ကာမိုးလျက် နာဂဒီပသို့ ကြွတော်မူ၍ တူ၊ ဦးရီးနှစ်ယောက်တို့အား ဆုံးမ၍ အမျက်ဒေါသငြိမ်းစေပြီးလျှင် ကုဋေ ၈၀ မျှလောက်သော ကြည်း၌ ရေ၌ နေကုန်သော သတ္တဝါအပေါင်းတို့ကို သရဏဂုံ၊ ပဉ္စသီ တည်စေသည်။ ထိုနဂါးတို့လည်း ကိုးကွယ်ရာ တောင်းပန်သောကြောင့် ပတ္တမြားပလ္လင်နှင့် လင်းလွန်းပင်ကို အပ်ပေးတော်မူ၍ ဇမ္ဗူဒိပ်ကျွန်းသို့ ပြန်လည်တော်မူသည်။

ထို့နောက် သုံးကြိမ် ဘုရားဖြစ်၍ ရှစ်နှစ်မြောက် မဟောဒရ နဂါးမင်း၏ ဦးရီးတော်ဖြစ်သော မဏိအက္ခနဂါးမင်းသည် တောင်းပန်လိုက်သဖြင့် ကဆုန်လပြည့် ဥပုသ်နေ့၌ ၅၀၀ သော ရဟန်းတို့ဖြင့် ခြံရံလျက် ကလျာဏီအရပ်၌ မဏိအက္ခနဂါးမင်း ဖန်ဆင်းအပ်သော ရတနာမဏ္ဍပ်၌ ရပ်တော်မူ၍ ပူဇော်သက္ကာရ အထူးကို ခံတော်မူပြီး၍ တရားဟောတော်မူပြီးလျှင် သုမနကူဋ္ဌ

mgyoe.com

mgyoe.com


တောင်ထိပ်၌ ခြေတော်ရာချခဲ့ပြီးသော် တောင်ခြေရင်း၌ နေ့သန့်စင်တော်မူပြီးမှ ဒီဃဝါပိစေတီအရာ မုတိင်္ဂဏစေတီအရာ၊ ကလျာဏီစေတီအရာ၊ ဒက္ခိဏသာခါမဟာဗောဓိအရာ၊ ထူပါရုံစေတီအရာ ဤအရာများတို့၌ တပည့်သားတို့နှင့် နေတော်မူ၍ နိရောဓသမာပတ်ကို ဝင်စားတော်မူပြီးမှ သိလာစေတီအရပ်၌ ရပ်တန့်တော်မူလျက် နတ်နဂါးတို့အား ဆုံးမတော်မူ၍ ဇမ္ဗူဒိပ်သို့ ပြန်လည်တော်မူသည်။

## သာသနာတော်မရောက်မီ သီဟိုဠ်မင်းဆက်

ဤသို့ ဘုရားသခင် သုံးကြိမ်တိုင်အောင် သီဟိုဠ်ကျွန်းသို့ ကူးတော်မူ၍ သာသနာတော်စည်ပင်ထွန်းကားလတ္တံ့သည်ကို ဗျာဒိတ်ထားဖူးသည်နှင့် ဘုရားသခင် ကုသိနာရုံပြည်ဝယ် သက္ကရာဇ် ၁၄၈ ခုနှစ်၊ ပရိနိဗ္ဗာန်ပြုခါနီး "သိကြားမင်း ... လာဠတိုင်း သီဟပူရမြို့၌ သီဟဗာဟုမင်းကြီးသားတော် ဝိဇယမင်းသားသည် နောက်လိုက် ၇၀၀ နှင့် သီဟိုဠ်ကျွန်းသို့ ကူး၍ အဦးအစ မင်းမူလတ္တံ့၊ ငါဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးသည့်နောက်လည်း သာသနာတော် ထွန်းပလတ္တံ့။ သင် သိကြားမင်း အဖော်ပြု၍ စောင့်မဘိ" ဟု ဗျာဒိတ်ထားတော်မူခဲ့၍ သိကြားမင်း ဝန်ပြုရသည်နှင့် သိကြားစောင့်မ၍ သီဟိုဠ်ကျွန်းသို့ ဝိဇယမင်းကူး၍ ရောက်လျှင် မြို့ပြတည်ထောင်၍ မင်းပြုသည်။ မင်းပြု၍ စည်းစိမ် ၃၇ နှစ်၊ ရှင်မဟာကဿပမထေရ် သက္ကရာဇ် ၁၄၈ ဖြို၍ အတိုတစ်ခုထားခဲ့သော နှစ်မှသည် တိုးပွား၍ သာသနာတော် ၃၇ နှစ်တွင် ဝိဇယမင်း

mgyoe.com

mgyoe.com


အနိစ္စ ရောက်သည်။

ထို့နောက် ရာဇသုည တစ်နှစ်၊ သာသနာတော် ၃၈ နှစ်တွင် ပဏ္ဍုဝါသုဒေဝမင်း စည်းစိမ် ၃၀၊ သာသနာတော် ၆၈ နှစ်တွင် အနိစ္စရောက်သည်။ ၎င်းနှစ် သားတော်အဘယမင်း စည်းစိမ် ၂၀၊ သာသနာတော် ၈၈ နှစ်တွင် အနိစ္စရောက်သည်။ ၎င်းနှစ် တူတော် ပဏ္ဍုကာဘယ မင်းပြု၍ ဘိသိက်မခံမီ ၁၈ နှစ်၊ ဘိသိက်ခံပြီး ၇၀ ပေါင်းစည်းစိမ် ၈၇ နှစ်၊ သာသနာတော် ၁၇၅ ခုတွင် အနိစ္စ ရောက်သည်။ ၎င်းနှစ် သားတော် မုဋသိဝမင်းပြု၍ စည်းစိမ် ၆၀ နှစ်၊ သာသနာတော် ၂၃၅ နှစ်တွင် အနိစ္စရောက်သည်။

## ရှင်မဟာမဟိန္ဒမထေရ် သီဟိုဠ်သို့ ကြွပုံ

၎င်းနှစ် ဒေဝါနံပိယတိဿ မင်းပြု၍ ပထမဘိသိက် နတ်တော်လဆန်း ၁ ရက်နေ့ခံသည်။ ထိုအခါ သိကြားမင်းသည် ရှင်မဟိန္ဒထေရ်သို့ ကပ်၍ "အရှင်ဘုရား ... သီဟိုဠ်ကျွန်း၌ မုဋသိဝ မင်းသည် အနိစ္စရောက်ပြီ။ ယခုသားတော် ဒေဝါနံပိယတိဿမင်း ပြု၍ ရှိပြီ။ ဘုရားသခင်လည်း အရှင်ဘုရားတို့ကို ဗျာဒိတ်ထား တော် မူသည်။ "နောင်သောအခါ မဟိန္ဒမည်သော ရဟန်းသည် သီဟိုဠ်ကျွန်းသို့ သာသနာထွန်းပရစ်အောင် ပြုလတ္တံ့'ဟု မိန့်တော် မူခဲ့သည် ဖြစ်သောကြောင့် သီဟိုဠ်ကျွန်းသို့ ကူးချိန်အခါတန်ပြီ။ ကျွန်ုပ်လည်း အရှင်ဘုရား၏ အပေါင်းအဖော် သဟာယ ဖြစ်ပါ သည်"ဟု လျှောက်လျှင် ရှင်မဟိန္ဒမထေရ် ဝန်ခံတော်မူ၍ ပါဋလိ ပုတ်ပြည်မှ ယူဇနာတစ်ရာကွာသော ဉဇ္ဇေနီပြည်တွင် ခြောက်လ

mgyoe.com

mgyoe.com


ငှံတော်မူပြန်သတည်း။ အဘယ်သို့ ငှံဆိုင်းတော်မူသနည်း။ ဒေဝါနံ့ပိယတိဿမင်းနှင့် ဓမ္မာသောကမင်း ဘုန်းတန်ခိုးကြီးကျယ် ပျံ့နှံ့တော်မူသည်ဖြစ်၍ တစ်ယောက်ကို တစ်ယောက် မမြင်ဖူးသော အဆွေခင်ပွန်းဖြစ်ကြသဖြင့် ပဏ္ဏာကာရ အတုံ့အလှယ် တမန်စေ၍ ရှိကြသည်။ ဒေဝါနံ့ပိယတိဿမင်း ပထမဘိသိက်ခံပြီးသည်မှနောက် ဘိသိက်ခံစိမ့်သောငှာ မင်းမြောက်တန်ဆာငါးပါးနှင့် သ, လိုက်သောပဏ္ဏာလက်ဆောင်တွင်အထူးမှာလိုက်ပြန်သည်ကား

"ပိယသဟာယ၊ ချစ်ကြည်ကြသော အဆွေဒေဝါနံ့ပိယတိဿမင်း။ အဟံ၊ အကျွန်ုပ်သည်ကား။ သကျပုတ္တဿ၊ သာကီဝင်မင်းသား ဘုရားသခင်၏ သာသနေ၊ သာသနာတော်၌။ ဗုဒ္ဓဥ္စ၊ ဘုရားကိုလည်းကောင်း၊ ဓမ္မဥ္စ၊ တရားကိုလည်းကောင်း၊ သံဃဥ္စ၊ သံဃာတော်ကို လည်းကောင်း။ သရဏံဂ္ဂတိ၊ ကိုးကွယ်ရာဟူ၍ ဂတော၊ ဆည်းကပ်၏။ ဥပါသကတ္တံ၊ ဆည်းကပ်သော ဒါယကာ၏ အဖြစ်ကို။ ဒေသေသိ၊ ပြလိုက်ပေ၏။

တွံပိ၊ ငါ၏ အဆွေဖြစ်သော မင်းသည်လည်း ဥတ္တမေ၊ မြတ်သော။ ဇိနသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ အဟံဝိယ၊ ငါကဲ့သို့။ ဣမေသု တီသု ဝတ္ထူ သု၊ ဤရတနာသုံးပါးတို့၌။ စိတ္တံ၊ စိတ်ကို ပသာဒေဟိ၊ ကြည်စေလော့။ သဒ္ဓါ-သဒ္ဓါယ၊ ယုံကြည်သဖြင့်။ သရဏံ-ပရာယဏံဂ္ဂတိ၊ ကိုးကွယ်လဲလျောင်း ရာဟူ၍ ဥပေဟိ၊ ဆည်းကပ်ပါလော့"

ဤသို့ လက်ဆောင်ပဏ္ဏာများနှင့် မှာလိုက်၍ ကဆုန်

mgyoe.com

mgyoe.com

လဆန်း ၂ ရက်နေ့တွင် ရောက်သည်။ ကဆုန်လပြည့်နေ့တွင် ဒုတိယရာဇဘိသိက်ခံသည်။ ထိုကမှစ၍ ယခုတိုင်အောင် ခပ်သိမ်းသောမင်းတို့သည် ကဆုန်လပြည့်နေ့ ဘိသိက်ခံကုန်သတည်း။

ရှင်မဟိန္ဒမထေရ်သည် သာသနာတော် ၂၃၆ နှစ်၊ ဒုတိယဘိသိက်ခံ၍ တစ်လလွန် နယုန်လပြည့်၌ မယ်တော်အိမ်မှ ဆွမ်းဘုဉ်းပေးပြီးလျှင် ဥပုသ်အိမ်၌ မဟိန္ဒအမည်ရှိသော သံဃထေရ်၊ ဣဋ္ဋိယထေရ်၊ ဥတ္တိယထေရ်၊ ဘဒ္ဒသာလထေရ်၊ သမ္ဗလထေရ် အဘိညာဏ်ခြောက်ပါးနှင့် ပြည့်စုံသော သုမနသာမဏေ၊ အနာဂါမိဖိုလ်ဖြင့်ပြီးသော သစ္စာရှိသော ၇ ယောက်မြောက် ထိုမထေရ်တို့၏ ဘဏ္ဍုကသီတင်းသည် ဤရဟန္တာမြတ်တို့သည် တိုင်ပင်ပြီးမှ သီဟိုဠ်ကျွန်းမှာလည်း ဒေဝါနံပိယတိဿမင်း ဇေဋ္ဌနက္ခတ်နှင့် ယှဉ်လျက် နယုန်လပြည့်နေ့ အနုရာဓမြို့မှထွက်၍ မိဿကတောင်သို့ တက်၍ သဘင်ခံစားစဉ် ဇမ္ဗူဒိပ်ကျွန်းကောင်းကင်၌ ဟင်္သာမင်းကဲ့သို့ ပျံကြွ၍ ဣဋ္ဋိယအစရှိသည်တို့နှင့်တကွ သာသနာတော် ၂၃၆ နှစ်တွင် ကူး၍ မိဿကတောင်ထိပ်၌ နေတော်မူသည်။

## အရှင်မဟာမဟိန္ဒ၏ တရားကိုနာရ၍ မင်းနှင့်တကွ သရဏဂုံတည်ပုံ

ထိုမိဿကတောင်စောင့်နတ်သည် "မင်းအား မထေရ်တို့ကို မြင်စေအံ့"ဟု သမင်အယောင်ဖန်ဆင်းဆောင်၍ပြလျှင် မင်းကြီးမြင်သဖြင့် "ဤဦးပြည်းကား လူလော၊ နတ်လော" ဟု ကြံ၍မေးသော် "မင်းကြီး .... ငါတို့ကား တရားမင်းဘုရား၏ တပည့်ဖြစ်ကုန်

mgyoe.com

mgyoe.com


သော ရဟန်းတို့တည်း။ သင်မင်းကြီးကို သနားသောကြောင့်လျှင် ဤသိမ်ဟိုင်ဠကျွန်းသို့ လာကုန်သည်"ဟု ဆိုလျှင် ထိုဒေဝါနံပိယ တိဿမင်းသည် ကြားဖူးကာမျှ မမြင်ရသေးသည်ကို အောက်မေ့ မိသည်ဖြစ်၍ "ဤသူတို့ကား ဘုရားသခင်တပည့်သားတော် ဖြစ် လတ္တံ့သည်" ထိုခဏဖြင့်ပင် သန်လျက်ကို ချ၍ တင့်အပ်လျောက် ပတ်သောအရပ်၌နေလျက် နှစ်လိုဖွယ်သော စကားကို ပြောဟော ၍ နေသည်။

ထိုသို့ နေကြသောအခါ မဟိန္ဒမထေရ်သည် ဣဋ္ဌိယ စသော တပည့်ခြောက်ယောက်တို့ကို ပြ၍ မင်းကြီးမြင်လျှင် "အရှင်ဘုရား ဤသူတို့ကား အဘယ်အခါ၌ လာကုန်သနည်း" ဤသို့ မေးသည် ရှိသော် "မင်းကြီး ... ငါနှင့်လျှင် တကွ လာကုန်သည်"။ "အရှင် ဘုရား ... ဇမ္ဗူဒိပါကျွန်း၌ အရှင်ဘုရားတို့မှတစ်ပါး ရဟန်းရှိကုန် သလော"ဟု မေးလျှင် "မင်းကြီး ... ဇမ္ဗူဒိပါကျွန်း၌ သင်္ကန်းရောင် ဖြင့် တောက်ပသည်" ဟူ၍ ဆိုလျှင် ဒေဝါနံပိယတိဿမင်းသည် အလွန်တရာ သဒ္ဓါကြည်ညိုခြင်း ပြင်းစွာရှိ၍ အခြံအရံ ပရိသတ် အပေါင်းတို့နှင့် လက်အုပ်ချီကာနေစဉ် စူဠဟတ္ထိပဒေါပမသုတ် ဟောတော်မူသည့်အဆုံး၌ လေးသောင်းသော သတ္တဝါတို့နှင့်တကွ မင်းကြီးသည် သရဏဂုံသုံးပါး၌ တည်လေသည်။

## အနုဠာဒေဝီနှင့်တကွ တရားထူးရကြပုံ

ဒေဝါနံပိယတိဿမင်းကြီးလည်း သံဃာတော် ၇ ပါးနှင့် တကွ မိုးသောက်သောကာလ နန်းတော်သို့လာ၍ ဆွမ်းဘုဉ်းပေး

mgyoe.com

mgyoe.com


ပါမည့်အကြောင်းကို လျှောက်လာပြန်လေသည်နှင့် မိုးသောက်သောကာလ မင်းသည် နန်းတွင်း၌ စီရင်အပ်သော မဏ္ဍပ်ကိုဝင်၍ ဆန်းကြယ်စွာသော နေရာ၌ နေတော်မူသည်။ ဒေဝါနံပိယတိဿမင်းကြီးလည်း အနုဋ္ဌာဒေဝီမိဖုရားနှင့်ထွက်၍ ဆွမ်းလုပ်ကျွေးသဖြင့် ဆွမ်းဘုဉ်းပေးပြီးသောအဆုံး၌ ပရိသတ်နှင့်တကွသော မင်း၊ မိဖုရားကို ပေတဝတ္ထု၊ ဝိမာနဝတ္ထု၊ သစ္စသံယုတ်ကို ဟောတော်မူသည်။ မဟိန္ဒမထေရ်၏ တရားကို ကြားနာရလျှင် ငါးရာသောမောင်းမတို့နှင့်တကွ အနုဋ္ဌာဒေဝီမိဖုရား သောတာပတ္တိဖိုလ်၌ တည်လေသည်။

ၒင်းနေ့ပင် မဏ္ဍပ်ကျဉ်းပြန်သောကြောင့် ဆင်တင်းကုပ်ကို သုတ်သင်၍ သဲဖြူကြဲပြီးလျှင် ငါးပါးသော အဆင်းရှိသော ပန်းတို့ကို ကြဲ၍ ပန်းဆိုင်း ဗိတာန်တို့ကို ဆွဲထား၍ မြင့်သောနေရာကို ခင်း၍ မဟိန္ဒမထေရ်ကို ပင့်၍ သီတင်းသုံးနေစေသည်။ ထိုအစည်းအဝေး၌ ဒေဝဒူတသုတ်ကို ဟောလျှင် တစ်ထောင်မျှလောက်သော သတ္တဝါတို့သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

"ဤဆင်တင်းကုပ်သည် ပရိသတ် မနေလောက်"ဟု အနုရာဓမြို့တောင်တံခါးအနီး၌ မေဃဝန်ဉယျာဉ်သို့ ပင့်ဆောင်ပြန်၍ မေဃဝန်သဘင် နန်းတော်၌အာသိဝိသောပမသုတ်ကို ဟောတော်မူလျှင် တစ်ထောင်မျှလောက်သော သတ္တဝါတို့သည် သောတာပတ္တိဖိုလ်၌ တည်ပြန်လေသည်။ မိုးသောက်သောနေ့၌လည်း နှစ်ထောင့်ငါးရာမျှ ဓမ္မာဘိသမယ ဖြစ်ပြန်သည်။

ညချမ်းသောကာလ မဟိန္ဒထေရ်သည် မိဿကတောင်သို့ သွားမည့်အဟန်ပြုရာတွင် ဒေဝါနံပိယတိဿမင်းက တောင်းပန်

mgyoe.com

mgyoe.com


ပြန်၍ မေဃဝန်ဥယျာဉ်ကို နယုန်လဆုတ် ၂ ရက်နေ့ညဉ့် အရံ အလို့ငှာ ...

ရာဇာ၊ မင်းကြီးသည်။ သုဝဏ္ဏဘိင်္ကာရံ၊ ရွှေကရား ကို။ ဂဟေတွာ၊ ကိုင်၍။ ထေရဿ၊ အရှင်မဟိန္ဒထေရ်၏။ ဟတ္ထေ၊ လက်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ မဟာမေဃဝနုယျာနံ၊ မဟာ မေဃဝန်ဥယျာဉ်ကို။ အဒါသိ၊ လှူ၏။ ဥဒကပါတေ၊ ရေစက်ချသည်နှင့်။ သဟ၊ တကွ။ ပထဝိ၊ မြေသည်။ ကမ္ပတိ၊ လှုပ်၏။

ဤသို့ အလှူရေစက်ချ၍ လှူပြီးလျှင် မိုးသောက်သောနေ့၌ အနမတဂ္ဂိယသုတ်၊ အဂ္ဂိက္ခန္ဓောပမသုတ်များကို ၇ ရက်ပတ်လုံး ဟောတော်မူသည်။ ရှစ်ထောင်ငါးရာသော သတ္တဝါတို့သည် ဓမ္မာ ဘိသမယ ဖြစ်ကုန်သည်။

ဤမေဃဝန် ဥယျာဉ်၌ သီတင်းသုံးနေ၍ သာသနာတော်ကို ထွန်းတောက်ပစေသည်။ ၇ ရက်မြောက်သောနေ့၌ မထေရ် နန်း တော်တွင်း၌ အပ္ပမာဒသုတ်ကို ဟောတော်မူပြီး၍ စေတိယဂိရိသို့ ကြွတော်မူကြောင်းကို သိသဖြင့် အလျင်တဆော မိဖုရားနှစ် ယောက်ကိုလည်း ရထားနှင့်တင်၍ လျှောက်လာသည်။ "အရှင် ဘုရား .... ဇမ္ဗူဒီပါကျွန်းသို့ ကူးတော်မူလိုသလော" ဟု မေးလျှင် "မင်းကြီး ... ငါတို့ မကူးသွား၊ ဤအခါသည်ကား ရဟန်းဖြစ်သော သူသည် ဝါဆိုအံ့သော အရပ်ကို သိခြင်းငှာအပ်သည်" ဟု ဆိုလျှင်

mgyoe.com

mgyoe.com


ဒေဝါနံပိယတိဿမင်းကြီးလည်း ဆူးစောင်ရန်းဖြင့် စေတိယင်္ဂဏကို ရံ၍ ခြောက်ဆယ့်ရှစ်ခုသော လိုဏ်တို့ကို ပြု၍ ပြီးစီးလျှင် ထိုနေ့၌ အရိဋ္ဌအမည်ရှိသော အမတ်သည် မုဋသိဝမင်းကြီးသား ဒေဝါနံပိယတိဿ ညီတော်–အဘယမင်းသား၊ မဟာနာဂမင်းသား၊ ဥတ္တိယမင်းသား, မတ္တာဘယမင်းသား, သူရတိဿမင်းသား အစရှိကုန်သော ငါးကျိပ်ငါးယောက်သော ညီအစ်ကိုတို့နှင့် တကွ ရဟန်းပြုကြကုန်သည်။ ဆံရိတ်သော အဆုံး၌ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်သည်။

## ဓာတ်တော်များရောက်၍ စေတီတည်ပုံ

မင်းကြီးလည်း စည်းစောင်ရန်းပြီးစီးလျှင် မြို့သို့ ဝင်တော်မူလေသည်။ ခြောက်ကျိပ်သုံးယောက်သော ရဟန်းတို့နှင့်တကွ စေတိယဂိရိ၌ ဝါဆို၍ ဝါကျွတ်ပြီးလျှင် ပဝါရဏာပြု၍ တန်ဆောင်မုန်းလပြည့်နေ့၌ "မင်းကြီး ဘုရားသခင်ကိုယ်စားတော်၊ ဓာတ်တော်၊ မွေတော်တို့ကို ရအပ်သောအကြောင်း၊ သုမနသာမဏေနှင့် တိုင်ပင်"ဟု မိန့်တော်မူပြီးလျှင် သုမနသာမဏေကို ဘိုးတော် သီရိဓမ္မာသောကမင်းသို့စေ၍ ဓာတ်တော်ကို တောင်းစေလျှင် တန်ဆောင်မုန်းလပြည့်နေ့ပင် ဓာတ်တော်၊ ညှပ်ရိုးတော်တို့ကိုရ၍ ပြန်လည်ခဲ့၍ မင်းအားအပ်၍ စေတီပုထိုးတည်ရာတွင် ဓာတ်တော်၊ စွယ်တော်၊ ညှပ်ရိုးတော်တို့သည် အံ့ဖွယ်သရဲ တန်ခိုးပြာဋိဟာ ပြ၍ ကြည်ညိုသဖြင့် မင်း၏ညီတော်ဖြစ်သော မတ္တာဘယမင်းသားနှင့် အချင်းတစ်ထောင်၊ စေတရဋ္ဌရွာမှ ငါးရာသော သတို့

mgyoe.com

mgyoe.com


သား၊ ဒွါရမဏ္ဍလရွာ စသည်တို့မှ ငါးရာ ငါးရာသော သတို့သား၊ ဤသို့လျှင် မြို့တွင်းမြို့ပြင်မှ ထွက်၍ ရဟန်းပြုကုန်သော သုံးသောင်းသော ရဟန်းတို့သည် ဖြစ်ကုန်သည်။

## အနုဠာဒေဝီစသူတို့ ရဟန်းပြုကြပုံ

ထိုအခါ နောင်တော် အဘယမင်း၏ မိဖုရား၊ အနုဠာဒေဝီသည် ရဟန်းပြုလိုကြောင်းနှင့် မင်းအား ခွင့်တောင်းလျှင် မင်းကြီးလည်း အနုဠာဒေဝီ မိဖုရား၏ စကားကိုယူ၍ ရှင်မဟိန္ဒထေရ်အား လျှောက်ကြားသော် "မင်းကြီး ... ငါတို့အား မင်းမိန်းမကို ရဟန်းပြုခြင်းငှာ မအပ်၊ ပါဋ္ဌလိပုတ်ပြည်၌ နှမဖြစ်သော သံဃမိတ္တာထေရီမသည် ရှိ၏။ ထို သံဃမိတ္တာ ထေရီမကို ခေါ်ပင့်စေလော့။ ဤသီဟိုဠ်ကျွန်း၌ ရှေးဘုရားသုံးဆူတို့၏ ဗောဓိတည်ရာ၌ ငါတို့ဘုရားသခင် ဗောဓိပင်ကို ယူ၍ ဤသီဟိုဠ်ကျွန်းဝယ်စိုက်၍ ကိုးကွယ်လော့" ဟု မိန့်တော်မူလျှင် မင်းကြီး၏ တူတော်ဖြစ်သော အရိဋ္ဌအမတ်ကို သာသနာတော် ၂၃၇ နှစ်တွင် သီတင်းကျွတ်လဆုတ် ၁၄ ရက်နေ့ စေလွှတ်၍ ရောက်လျှင် အဆွေဖြစ်သော ဒေဝါနံပိယတိဿမင်းနှင့် အရှင်မဟိန္ဒထေရ်မှာလိုက်တိုင်း ပြန်ပြောလျှင် သီရိဓမ္မာသောကမင်းတရားက ဗောဓိပင်နှင့် သမီးတော် သံဃမိတ္တာထေရီမကို ပင့်ဆောင်စေ၍ သီဟိုဠ်ကျွန်းသို့ နတ်တော်လဆန်း ၁၀ ရက်နေ့ ရောက်သည်။

အနုဠာဒေဝီမိဖုရားသည် မင်းမောင်းမ ငါးရာတို့နှင့် ဆယ်ပါးသော သီလတို့ကို ဆောက်တည်လျက် ဖန်ရည်စွန်းသော ပုဆိုး

mgyoe.com

mgyoe.com


ကို ဖုံးလွှမ်း၍ အနုရာဓမြို့ ဆိပ်ကမ်း၌ ကျောင်းကို ပြုစေ၍ သံဃမိတ္တာထေရီမ လာခြင်းကို ငံ့မျှော်လျက်နေသည်နှင့် ရောက်လျှင် အနုဠာဒေဝီနှင့်တကွ ငါးရာသော သတို့သမီးတို့သည်လည်းကောင်း၊ ငါးရာသော မင်းမိန်းမတို့သည်လည်းကောင်း သံဃမိတ္တာထေရီမ၏ အထံ၌ ရဟန်းပြုကြကုန်လျှင် မကြာမြင့်မီ အခြံအရံနှင့်တကွ အရဟတ္တဖိုလ်၌ တည်လေသည်။ ဤသူတို့တွင် အချို့ ရဟန္တာသာဖြစ်သည်။ ပဉ္စင်း မရသေး။ သိက္ခမာန်အကျင့်ကို ၂ နှစ်ပတ်လုံး ကျင့်ပြီးမှလျှင် ပဉ္စင်းဖြစ်လတ္တံ့သတည်း။ တူတော် အရိဋ္ဌအမတ်သည်လည်း ငါးရာသော အခြံအရံတို့နှင့် ရဟန်းပြုလျှင် မကြာမြင့်မီ ရဟန္တာဖြစ်လေသည်။

## သီဟိုဠ်တွင် သာသနာစတင်သက်ရောက်ပုံ

ဤသို့လျှင် ဒေဝါနံပိယတိဿမင်းသည် အသီးအသီး သာသနာတော် အစဉ်ထွန်းအောင် ပြုစုတည်ထားသည်။ ထိုတွင် လောဟပါသာဒ ပြာသာဒ်၊ မဟာစေတီကြီး တည်ရာအရပ်များတို့ကို မြေးတော် ဒုဋ္ဌဂါမဏိမင်းကြီး တည်လတ္တံ့သည်ကို ကျောက်စာကမ္ပည်း စိုက်ထားပြီးလျှင် "အရှင်ဘုရား .... သီဟိုဠ်ကျွန်း၌ သာသနာတော် တည်ပါတော့မည်လော" ဟု မေးတော်မူလျှင် "မင်းကြီး ... သာသနာတော်ကား တည်ပြီ။ ထိုသာသနာတော်၏ အမြစ်တို့သည်ကား မသက်ကုန်သေး" ဟု မိန့်တော်မူလျှင် "အရှင်ဘုရား ... အဘယ်သို့ပြု၍ သက်ကုန်လတ္တံ့နည်း" ဟု မေးလျှောက်သော် "မင်းကြီး .... အကြင်အခါ၌ သီဟိုဠ်ကျွန်း၌ နေကုန်သော

mgyoe.com

mgyoe.com


မိဘတို့၏ သားမြေးများတို့သည် ရဟန်းပြု၍ သီဟိုဠ်ကျွန်း၌ပင်လျှင် ဝိနည်းကို သင်ကုန်၍ နောက်သားတို့အားလည်း သင်စေလတ္တံ့။ ထိုအခါ သာသနာတော်၏ အမြစ်မူလတို့သည် သက်ကုန်လတ္တံ့" ဟု မိန့်တော်မူလျှင် "အရှင်ဘုရား... ဤသို့ သဘောရှိသော ရဟန်းသည် ရှိပါ၏လော" ဟု မေးလျှောက်ပြန်သဖြင့် "မင်းကြီး ရှိ၏။ မဟာအရိဋ္ဌအမည်ရှိသော ရဟန်းသည် ထိုဝိနည်းကို သင်သောအမှုကို စွမ်းနိုင်၏" ဟု ဆိုပြန်သော် "အရှင်ဘုရား ... ဤအရာ၌ အသို့ပြုအပ်မည်နည်း" ဟု ဤသို့မေးပြန်လျှင် "မင်းကြီး ... ရဟန်းတို့၏ စည်းဝေးရာမဏ္ဍပ်ကို ပြုခြင်းငှာ အပ်၏" ဟု မိန့်တော်မူသည်ကို "အရှင်ဘုရား ... ကောင်းပြီ"ဟု ဆို၍ မေဃဝဏ္ဏအမတ်အား ပရိဝုဏ်အရာ၌ ပထမသင်္ဂါယနာတင်သောအခါ အဇာတသတ်မင်းပြုသော မဏ္ဍပ်နှင့် တူသောမဏ္ဍပ်ကို မင်း၏ အာနုဘော်ဖြင့် ပြုစေ၍ပြီးလျှင် ခပ်သိမ်းသော ပဥ္စင်တူရိယာ တီးမှုတ်စေလျက် "သာသနာတော်၏ အမြစ်တို့သည် သက်ကုန်သည်ကို ရှုကုန်အံ့" ဟု အထောင်မကသော ပရိသတ်အပေါင်း ခြံရံလျက် သာသနာတော် ၂၃၈ နှစ်၊ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၊ ထူပါရုံကျောင်းတော်သို့ ထွက်တော်မူသည်။ ထိုအခါ ခြောက်သောင်းရှစ်ထောင်သော ရဟန်းတို့သည် စည်းဝေးကုန်လျက် ထိုရဟန်းတို့အား လျောက်ပတ်သော နေရာကို နေစေသည်။

မဟာအရိဋ္ဌမထေရ်ကို မဟိန္ဒမထေရ် တောင်းပန်အပ်သည်ဖြစ်၍ မိမိအား လျောက်ပတ်သော တရားပလ္လင်၌ နေတော်မူသည်။ ခြောက်ကျိပ်ရှစ်ယောက်သော မထေရ်တို့သည်လည်း ခြံရံ၍ နေကုန်သည်။ မင်းကြီး၏ ညီတော်အငယ်ဖြစ်သော မတ္တာဘယ

mgyoe.com

mgyoe.com


မထေရ်သည်လည်း "အကြီးပြုလျက် ဝိနည်းကို သင်အံ့"ဟု ငါးရာသော ရဟန်းတို့နှင့်တကွ မဟာအရိဋ္ဌမထေရ်၏ တရားဟောပလ္လင်၌ ခြံရံ၍ နေကြကုန်သည်။ ကြွင်းကုန်သော ရဟန်းတို့သည်လည်းကောင်း၊ မင်းနှင့်တကွသော ပရိသတ်တို့သည်လည်းကောင်း၊ မိမိတို့၏ လျောက်ပတ်သောနေရာ၌ နေကုန်သည်။ ထိုအခါ မဟာအရိဋ္ဌမထေရ်သည် ...

"တေန ခေါ ပန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ
ဝိဟာရတိ နဠေရုပုစိမန္ဒမူလေ"

အစရှိသော ဝိနယနိဒါန်းကို ရွတ်သည်ရှိသော် တိမ်တိုက်ကင်းသော ကောင်းကင်၌ သည်းစွာသော အသံကိုပြုလျက် နတ်တို့သည် ကောင်းချီးပေးကုန်သည်။ ရေအပိုင်းအခြား မြေတို့သည်လည်း ပြင်းစွာတုန်လှုပ်ကုန်သည်ဖြစ်၍ အံ့ဖွယ်သော တန်ခိုးတို့ကို ဖြစ်ကုန်လျက်လျှင် အရိဋ္ဌထေရ်သည် အရှင်မဟိန္ဒမထေရ်အမှူးရှိကုန်သော အသီးအသီးဂိုဏ်းရှိကုန်သော ခြောက်ကျိပ် ရှစ်ယောက်သော ရဟန္တာမထေရ်တို့ဖြင့် လည်းကောင်း၊ ထိုမှတစ်ပါးသော ခြောက်သောင်းရှစ်ထောင်သော ရဟန်းအရှင်မြတ်တို့ဖြင့် လည်းကောင်း ခြံရံလျက် သီတင်းကျွတ်လပြည့် ပဝါရဏာပြုသော နေ့ ထူပါရုံကျောင်းတော်၏ အလယ်၌ ဝိနည်းပိဋကတ်ကို သင်ကြားတော်မူသည်။

ဝိနည်းပိဋကတ်ကို သင်ကြားပြသပြီး၍ အသက်အတိုင်း တည်စေလျက် များစွာသောသူတို့အား သင်ကြားစေ၍ များစွာကုန်သော သူတို့၏ နှလုံး၌တည်စေသဖြင့် မဟိန္ဒထေရ် အမှူးရှိသော ခြောက်ကျိပ်ရှစ်ယောက်သော ဂိုဏ်းမထေရ်တို့သည် မြတ်သော

mgyoe.com

mgyoe.com

အစီးအပွားကို သိသည်ဖြစ်၍ ဒေဝါနံပိယတိဿမင်းကို ဆုံးမကုန်လျက် ဉာဏ်တည်းသော အလင်းကို ပြဦး၍ ဤ သီဟိုဠ်ကျွန်း၌ မီးပုံကြီးကဲ့သို့ စတုတ္ထသင်္ဂါယနာ တင်ဟန်ပြုသကဲ့သို့ သာသနာတော်ကို ထွန်းပစေသည်။

ဒေဝါနံပိယတိဿမင်းကြီးလည်း ဘုရားသခင် သာသနာတော်မြတ်ကို စောင်မကြည့်ရှုလျက် သာသနာတော်မြတ်ကို ပွင့်လင်းစေသည်ကား ရဟန္တာယောကျ်ား တစ်သောင်းခြောက်ထောင်၊ ပုထုဇဉ် ရဟန်းယောကျ်ားတစ်သိန်း၊ ရဟန္တာမိန်းမတစ်သောင်းငါးရာ၊ ပုထုဇဉ်ရဟန်း မိန်းမ ၇ သောင်း ဖြစ်သည်နှင့် သာသနာတော်ကို စောင့်ထိန်းပြီးမှ သီရိဓမ္မာသောကမင်းနှင့် အပြိုင် ၁၉ နှစ်၊ သီရိဓမ္မာသောကမင်း အနိစ္စရောက်ပြီးမှ ၂၁ နှစ်၊ ပေါင်းစည်းစိမ် ၄၀ စံ၍ သာသနာတော် သက္ကရာဇ် ၂၇၆ ခုတွင် အနိစ္စရောက်သည်။

## ဝိနည်းကို ထွန်းပစေကြသော မထေရ်များ

ရှင်မဟိန္ဒထေရ်သည် ဇမ္ဗူဒိပ်ကျွန်းမှာ ၁၂ ဝါရသောအခါ သီဟိုဠ်ကျွန်းသို့ ကူးသည်။ ၁၄ ဝါမြောက်သောအခါ ဝိနည်းပိဋကတ် ကို စတုတ္ထသင်္ဂါယနာ၌ တည်စေသည်။ ၎င်းနှစ် ညီတော် ဥတ္တိယမင်းပြု၍ စည်းစိမ်ရှစ်နှစ်ရှိသောအခါ ရှင်မဟိန္ဒသည် သက်တော် ၈၂ ၊ ဝါတော် ၆၂ ဝါ၊ သာသနာတော် ၂၈၄ ခုတွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။ နှမတော် သံဃမိတ္တာရဟန္တာလည်း သက်တော် ၇၉ ၊ ဝါတော် ၅၉၊ ထိုမင်းလက်ထက် မောင်တော် ပရိနိဗ္ဗာန်ပြု
mgyoe.com

mgyoe.com

တော်မူ၍ များမကြာမီတွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။

ထိုပရိနိဗ္ဗာန်ပြုကုန်သော အရှင်မြတ်တို့သည်လည်း တတိယ သင်္ဂါယနာတင်သည်မှ အထက်၌ ဤသီဟိုဠ်ကျွန်းသို့ မဟိန္ဒထေရ်၊ ဣဋ္ဌိယထေရ်၊ ဥတ္တိယထေရ်၊ သမ္ဗလထေရ်၊ ဘဒ္ဒသာလထေရ်တို့ ဆောင်ခဲ့၍ တစ်ပါးသောအဖို့၌ တစ်ပါးကုန်သော မထေရ်တို့၏ တပည့်ဖြစ်ကုန်သော တိဿဒတ္တထေရ်၊ ကာဠသုမနထေရ်၊ ဒီဃ သုမနထေရ်တို့သည်လည်းကောင်း၊ မဟာအရိဋ္ဌထေရ်နှင့်တကွ ကာဠသုမနထေရ်၊ နာဂထေရ်၊ ဗုဒ္ဓရက္ခိတထေရ်၊ တိဿထေရ်၊ ဒေဝထေရ်၊ သုမနထေရ်၊ စူဠနာဂထေရ်၊ ဓမ္မပါလိတထေရ်၊ ခေမ ထေရ်၊ ဥပတိဿထေရ်၊ ဖုဿဒေဝထေရ်၊ သုမနထေရ်၊ မဟာ ပဒုမထေရ်၊ မဟာသိဝထေရ်၊ ဥပါလိထေရ်၊ မဟာနာဂထေရ်၊ အဘယထေရ်၊ တိဿထေရ်၊ သုမနထေရ်၊ စူဠာဘယထေရ်၊ တိဿထေရ်၊ စူဠဒေဝထေရ်၊ သိဝထေရ်၊ ဤမထေရ်မြတ်တို့သည် လည်းကောင်း ဤမထေရ် ရဟန္တာ သုံးကျိပ်နှစ်ပါးတို့သည် အဆင့် အဆင့် သဒ္ဓိဝိဟာရိကချည်းဖြစ်၍ အဆက်ဆက် ဝိနည်း၌ လိမ္မာ ကြကုန်လျက် သီဟိုဠ်ကျွန်း၌ သာသနာတော်ကို ထွန်းပစေသည်။

ရဟန်းယောကျ်ားသာ ပရိယတ်ကို သင်ကြား၍ သာသနာ တော်ကို ထွန်းပစေသည်မဟုတ်၊ မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်ကပင် မိန်းမဖြစ်သော မိထွေးတော်ပဇာပတိ ဂေါတမီ သည် ရဟန်းပြုချင်ကြောင်းနှင့် အခွင့်တောင်း၍ ရလျှင် ရဟန်း ပြုသဖြင့် ဆဋ္ဌာဘိညမဟိဒ္ဓိကဖြစ်၍ မဟာပဇာပတိဂေါတမီထေရီ ရဟန်းမိန်းမ ဖြစ်တော်မူသည်။

ထို့နောက် ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ ပဋာစာရီထေရီ၊

mgyoe.com